ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ၁၆ လ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ကြာသပတေးနေ့ (5-6-2014) (၇၈၆၂)

ဒို့တာဝန်အရေးသုံးပါး

★ ပြည်ထောင်စု မပြိုကွဲရေး။
★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မချမ်းဘော	၃	ဒသမ	၃၉	လက်မ
ဥက္ကံ	၁	ဒသမ	၈၁	လက်မ
ဘီးလင်း	၁	ဒသမ	၇၃	လက်မ
ခရမ်း	၁	ဒသမ	၅၈	လက်မ
ဇောင်းတူ	၁	ဒသမ	၄၁	လက်မ
မှော်ဘီ	၁	ဒသမ	၃၃	လက်မ
သာယာဝတီ	၁	ဒသမ	၃၀	လက်မ

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူအားလုံး၏ ဆန္ဒဖြစ်

ပြည်သူများ၏ လိုအင်ဆန္ဒပြည့်ဝရေးအတွက် ငြိမ်းချမ်းရေးကိစ္စကို မိမိတို့ အလေးထားဆောင်ရွက်နေ

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ တောင်သူပညာပေး စက်မှုလယ်ယာ စံပြစိုက်ခင်း ဧက(၅၀၀)အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးခင်ရီ၊ ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) မှ အထူးအကြံပေးပုဂ္ဂိုလ်များ တက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စောရော်ဂျာခင်၊ ပဒိုမန်းငြိမ်းမောင်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးအဆင့်ရှိ စောဂျော်နီ၊ KNU ဥက္ကဋ္ဌ၏ နိုင်ငံရေးနှင့် စစ်ရေးအကြံပေး စောတူးတူးလေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ စောတူးတူးလေးနှင့် ပဒိုမန်းငြိမ်းမောင်တို့က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ၊ နိုင်ငံတော်သမ္မတ၏ မေလ ၃၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းတွင် ပြောကြားခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အချက်များအပေါ် KNU အဖွဲ့က အပြည့်အဝ သဘောတူပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေတို့ကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ပြန်လည်တွေ့ဆုံရ၍ ဝမ်းမြောက်မိပါကြောင်း၊ ဒေါက်တာမာတင်နှင့် ဦးစောဂျော်နီတို့မှအပ ကျန်ပုဂ္ဂိုလ်အားလုံးသည် မိမိနှင့် မကြာခဏ တွေ့ဆုံကြရသဖြင့် မိတ်ဆွေများ ဖြစ်နေပါကြောင်း၊ ယခုကဲ့သို့ ကျန်းကျန်းမာမာဖြင့် ပြန်လည်ဆုံတွေ့ကြရ၍ ဝမ်းမြောက်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဗိုလ်မင်းရောင်တန်ဖိုးမျှတ အိမ်ရာစီမံကိန်းမှ တိုက်ခန်းဝယ်ယူခွင့် လျှောက်ထားသူများ မဲနှိုက်ပေးမည်

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းများအား ဝယ်ယူခွင့်လျှောက်ထားလာသည့် လုပ်သက် (၂၀)နှင့်အထက် ဌာနဆိုင်ရာဝန်ထမ်းများကို ဒဂုံမြို့နယ် ရှင်စောပုလမ်း Myanmar Even Park ရှိ MRTV-4 ရိုက်ကူးရေးခန်းမ၌ ဇွန် ၇ ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ စတင်၍ မဲနှိုက်ပေးမည်ဖြစ်သဖြင့် လျှောက်ထားသူကာယကံရှင်များ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာထားသည်။

ဆက်လက်၍ အငြိမ်းစားဝန်ထမ်း၊ အများပြည်သူ၊ ကုမ္ပဏီဝန်ထမ်း၊ အသင်းအဖွဲ့များအတွက် မဲနှိုက်မည့် အစီအစဉ်ကို ထပ်မံကြေညာပေးသွားမည်ဖြစ်သည်။ မဲပေါက်သူများစာရင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက

စာမျက်နှာ ၉ ကော်လံ ၁ သို့

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ဝတ်မှုန်ကူးပွဲ ညောင်ရွှေ၌ ကျင်းပ

ညောင်ရွှေ ဇွန် ၄

၂၀၁၃-၂၀၁၄ နွေစပါးစိုက်ပျိုးရာသီတွင် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကွင်းအမှတ်(၁၃)၊ ဦးပိုင်(၁၁၇)ရှိ တောင်သူ ဦးဝင်းရွှေစိုက်ပျိုးထားသည့် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းဝတ်မှုန်ကူးပွဲကို ဇွန် ၄ ရက် နံနက်ပိုင်းက အဆိုပါ လေးဧကစိုက်ခင်း၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ကြိုးဖြင့်ဝတ်မှုန်ကူးခြင်းကို ဆောင်ရွက်သည်။

ဝတ်မှုန်ကူးပွဲသို့ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးထွန်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး လေးဧကစိုက်ခင်းမှ အထွက်နှုန်း ကီလို ၈၄၀ ထွက်ရှိမည်ဟုခန့်မှန်းပြီး လာမည့် စိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများသို့ မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

ကြေးမုံ စာတည်းရှုထောင့် ၅-၆-၂၀၁၄၊ ကြာသပတေးနေ့

အချိုးညီမျှတဖွံ့ဖြိုးမှုနိုင်ငံ့ရတနာ

လူသားတို့၏လိုအင်ဖြစ်သည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါးအနက် စားရေးဖြစ်သည့် အစားအစာသည် အရေးအကြီးဆုံးလိုအင်ဖြစ်ပါသည်။ လူသားတစ်ဦး နေ့စဉ်စားသုံးသော အစားအစာများတွင် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရများ အချိုးကျပါဝင်သည့် အစားအစာများစားသုံးပါမှ အချိုးညီမျှတသည့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

လူ့ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်ရေးဟုဆိုရာ၌ လူသားတို့၏အရွယ်သုံးပါးတွင် ပဋိသန္ဓေအရွယ်မွေးကင်းစမှ လူပျို အပျိုပေါက်အရွယ်သည် ဖွံ့ဖြိုးကြီးထွားမှု အမြန်ဆုံးအရွယ်ဖြစ်ပါသည်။ ထိုအရွယ်တွင်မှ ငါးနှစ်အောက်ကလေး သူငယ်အရွယ်များသည် အခြေခံအကျဆုံးအစဦးအရွယ်များဖြစ်၍ ပိုမိုအရေးကြီးလှပေသည်။ ထိုအရွယ်များ အသက်အရွယ်အလိုက် အချိုးညီကျနသည့် အစားအစာများကို စားသုံးနိုင်ရန် ဝိုင်းဝန်းလုပ်ဆောင်ပေးရမည်ဖြစ်ပေသည်။

အာဟာရပြည့်ဝခြင်းသည် လူတိုင်းအတွက် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးစေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်တို့အတွက် အခြေခံလိုအပ်ချက်များဖြစ်ပါသည်။ နိုင်ငံတကာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအခြေအနေကို တိုင်းတာရာ၌ ပြည်သူတို့၏ အာဟာရအခြေအနေကိုဖော်ပြသည့် အညွှန်းကိန်းများကို အသုံးပြုလေ့ရှိကြပါသည်။

မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ် ကျန်းမာရေးဆိုင်ရာ လေ့လာဆန်းစစ်မှုများအရ ငါးနှစ်အောက် မြန်မာကလေးငယ်များအနက် ၃၈ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုယ်အလေးချိန်လျော့နည်းနေပြီး ၄၁ ဒသမ ၆ ရာခိုင်နှုန်းသည် အရပ်ပုနေသည်ဟု ဆိုထားပါသည်။ ထို့အပြင် ၈ ဒသမ ၂ ရာခိုင်နှုန်းသည် ပိန်လှီနေသည်ဟု ထုတ်ပြန်ထားပါသည်။ ၂၀၁၀ ခုနှစ်လေ့လာဆန်းစစ်မှုတွင် ၂၈ ဒသမ ၆ ရာခိုင်နှုန်းသည် အရပ်ပုနေပြီး ၇ ဒသမ ၇ ရာခိုင်နှုန်းသည် ပိန်လှီနေကြောင်းတွေ့ရှိရသောကြောင့် ငါးနှစ်အောက်ကလေးများ အာဟာရအခြေအနေတိုးတက်လာသော်လည်း ကိုယ်အလေးချိန်လျော့နည်းမှုမှာ တိုးတက်မှုမရှိသဖြင့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် ၂၀၁၅ ခုနှစ်၌ ကိုယ်အလေးချိန်လျော့နည်းမှုနှုန်း ၁၉ ဒသမ ၃ ရာခိုင်နှုန်းသို့ရောက်ရှိရန် အလှမ်းဝေးနေဆဲဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှသိရသည်။

မြန်မာနိုင်ငံတွင် ထိုသို့ဖြစ်ပေါ်နေခြင်းမှာ အာဟာရချို့တဲ့မှုနှင့် ဗီတာမင်ဘီဝမ်းချို့တဲ့မှုကြောင့်ဖြစ်သည်ဟု ဆိုထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံသည် လူငယ်များဖြစ်ပါသည်။ ထိုလူငယ်များကိုကြည့်မည်ဆိုပါက အများအားဖြင့် အရပ်ပုခြင်း၊ သေးငယ်ခြင်း၊ ပိန်လှီခြင်းတို့ ဖြစ်ပေါ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အာဟာရဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ အာဟာရဆိုင်ရာအသိပညာများကို ပြည်သူတစ်ရပ်လုံးသို့ ကျယ်ပြန့်စွာအသိပညာပေးခြင်း၊ ပြည်သူများအား ဆေးဝါးနှင့် အာဟာရပြည့်စုံအောင် ထောက်ပံ့ပေးခြင်းနှင့် အာဟာရဓာတ်ခွဲခန်းလုပ်ငန်းများမြှင့်တင်ခြင်းများကို လက်တွေ့ကျကျ လုပ်ဆောင်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း ပြည်သူ့လွှတ်တော်တွင် မကြာသေးမီက ပြောကြားခဲ့သည်ကို ကြားသိလိုက်ပါသည်။

ပြည်သူများနေ့စဉ်စားသုံးသော အစားအစာများတွင် ခန္ဓာကိုယ်အတွက်လိုအပ်သော အာဟာရများကို အချိုးညီစွာစားသုံးရန် လိုအပ်ပါသည်။ ပရိုတင်းကြွယ်ဝသော အသား၊ ငါးတို့အပြင် ကျန်းမာရေးကို အထောက် အကူပြုသည့် အာဟာရများစွာပါဝင်သော ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ပိုမိုစားသုံးရန် လိုအပ်ပါသည်။ ထိုသို့စားသုံးရာတွင် ယနေ့အချိန်အခါ၌ အန္တရာယ်ကင်းရှင်းသော အစားအစာများ စားသုံးနိုင်ရန် အထူးလိုအပ်နေပါသည်။

သို့ဖြစ်ရာ ပြည်သူများခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုရှိစေရန် အရေးကြီးသလို အချိုးညီမျှတပြီး ကျန်းမာသန်စွမ်းသည့် တိုင်းပြည်၏အားထားရာ နိုင်ငံ့ရတနာပြည်သူများ ဖြစ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရပေမည်။ ထိုသို့ဆောင်ရွက်ကြရာ၌ အခြေခံအကျဆုံးဖြစ်သည့် ကလေးသူငယ်များ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက လိုအပ်သောလုပ်ငန်း (၇)ရပ်ကို နှီးနွှယ်ဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း တိုက်တွန်းအပ်ပါသည်။ ။

အာဆီယံ သစ်ထောက်ခံချက်ပြုရေးလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၄

(၁၃)ကြိမ်မြောက်အာဆီယံသစ်ထောက်ခံချက်ပြုရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကို နေပြည်တော် အမရ ဟိုတယ်၌ ဇွန် ၃ ရက်က ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သစ်ထောက်ခံချက်ပြုရေးလုပ်ငန်းစဉ်သည် ၁၉၉၂ ခုနှစ်က ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့မြေထိပ်သီးညီလာခံ(Earth Summit) အစည်းအဝေးဆုံးဖြတ်ချက်များအရ သစ်တောများ တည်တံ့စေရေးအတွက် ရည်ရွယ်သောအရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ် Rio Forest Certification Declaration ကြေညာချက်အရ သဘာဝသစ်တောများ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် သစ်ထောက်ခံချက်ပြုလုပ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာမှ လိုက်နာဆောင်ရွက်ရန် စံချိန်စံညွှန်းများရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ အာဆီယံဒေသအတွင်း ကျေးလက်နေပြည်သူလူထုအများစုသည် စားဝတ်နေရေးလိုအပ်ချက်များအတွက် သဘာဝသယံဇာတများအပေါ် နည်းမျိုးစုံဖြင့်အမှီသဟဲပြုနေထိုင်လျက်ရှိရာ အဆိုပါသစ်တောများမှ ရေရှည်ထုတ်ယူနိုင်ရေးအတွက် သစ်ထောက်ခံချက်ပြုရေးနှင့်စပ်လျဉ်း၍ လိုက်နာရမည့်စည်းကမ်း ၁၀ ချက်ကိုပြဋ္ဌာန်းခဲ့ပြီး စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လက်ရှိကမ္ဘာ့ဈေးကွက်တွင်လည်း ထောက်ခံချက်ရပြီး သစ်တောထွက်ပစ္စည်းများ(Certified Forest Products) ကိုသာ ဝယ်ယူလာကြသည့်အတွက် မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် (ASEAN Economic Community Blueprint-AEC) အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်နှင့်အညီ အာဆီယံသစ်ထောက်ခံချက်ပြုရေးလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ဟန်ချက်ညီညီပူးပေါင်း၍ တွန်းအားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အာဆီယံ သစ်ထောက်ခံချက်ပြုရေးလုပ်ငန်းအဖွဲ့အနေဖြင့် သစ်တောထောက်ခံချက်ပြုရေးလုပ်ငန်းအစီအစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရန် လမ်းညွှန်ချက်များချမှတ်ခြင်း (ASEAN Guidelines on Phased Approach to Forest Certification)၊ တရားဝင်သစ်ဖြစ်ကြောင်း စံချိန်စံညွှန်းသတ်မှတ်ခြင်း(ASEAN Criteria and Indicators for Legality of Timber)၊ ထုတ်လုပ်သည့်သစ်နှင့် သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်၍ တရားဝင်သစ်နှင့် ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုရှိသော သစ်တောများမှ ထွက်ရှိသည့်သစ်ဖြစ်ကြောင်း နောက်ကြောင်းပြန်စစ်ဆေးနိုင်ရန်အတွက် လမ်းညွှန်ချက်များချမှတ်ခြင်း (ASEAN Guidelines for Chain of Custody of Legal Timber and Sustainable Timber) တို့ကို လုပ်ငန်းအစီအစဉ်နှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ (၁၃)ကြိမ်မြောက် အာဆီယံသစ်ထောက်ခံချက်ပြုရေးလုပ်ငန်း အဖွဲ့အစည်းကို အမရဟိုတယ်တွင် ဇွန် ၄ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၄

ရန်ကုန်	ရွှေဈေး	၆၄၆၅၀၀ - ၆၄၇၀၀၀	
မန္တလေး	ရွှေဈေး	၆၄၆၅၀၀ - ၆၄၇၀၀၀	

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=၁၃၁၅. ၄
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၄၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၅၄၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၈. ၆၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၂၇၉
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၁. ၃၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၃၈၂
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၃. ၈၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၇. ၇၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ရှေ့ဖုံးမှ
ပြည်သူအားလုံး၏ ဆန္ဒဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအင်ဆန္ဒပြည့်ဝရေးအတွက် ငြိမ်းချမ်းရေးကိစ္စကို မိမိတို့အလေးထား၍ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မိမိတို့အစိုးရအဖွဲ့နှင့်အတူ လက်တွဲပြီး တက်တက်ကြွကြွဆောင်ရွက်နေကြသည့် KNU အဖွဲ့မှခေါင်းဆောင်များကို မိမိအနေဖြင့် လေးစားဂုဏ်ယူပါကြောင်းကို အသိပေးပြောကြားလိုပါကြောင်း။

ယနေ့ မိမိတို့ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်နေမှုများသည် အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ကို ဆောင်ရွက်နေခြင်းဖြစ်ပြီး မည်သူ့ကိုမျှ သာစေ၊ နာစေ သဘောမျိုးမထားဘဲ မိမိတို့၏ သားသမီးမြေးမြစ်မျိုးဆက်သစ်လူငယ်များအတွက် တည်ငြိမ်အေးချမ်းသည့်အနာဂတ်ကို အမွေခံကောင်းအဖြစ် ဖန်တီးပေးနေကြခြင်းဖြစ်ပါကြောင်း၊ မိမိတို့တိုင်းရင်းသားအားလုံး တစ်မြေတည်းနေ တစ်ရေတည်းသောက်သူများဖြစ်ကြပြီး အေးအတူပူအမျှ ကောင်းကျိုးဆိုးကျိုးကို မျှဝေခံစားကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ကြိုးပမ်းဆောင်ရွက်လျှင် ပြည်သူများလိုလားနေသည့် ငြိမ်းချမ်းရေးသည် မလွဲမသွေရရှိမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

မျက်မှောက်ကာလတွင် နိုင်ငံအများအပြားသည် မိမိတို့နိုင်ငံအကျိုးစီးပွားအတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းမှုရှိသည့် နိုင်ငံများသည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ပြီး ယင်းဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူများ လျင်လျင်မြန်မြန်ဖြင့် မျှဝေခံစားနေကြရသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အလားတူ တည်ငြိမ်အေးချမ်းမှုမရှိသည့် နိုင်ငံများတွင်မူ ပြည်သူများဒုက္ခပင်လယ်ဝေနေပြီး နေ့စဉ်နှင့်အမျှ ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ဤအနိဋ္ဌာရုံမြင်ကွင်းများကို မိမိတို့သင်ခန်းစာယူကြရမည်ဖြစ်ပါကြောင်း။

အချင်းချင်းပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်သည်နှင့်အမျှ တူညီသည်များကို လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ကြမည်ဖြစ်ပြီး မတူညီသည်များကိုလည်း စားပွဲဝိုင်းတွင် အေးအေးချမ်းချမ်းဖြင့် တွေ့ဆုံဆွေးနွေးနိုင်ကြမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသည် ပထမဆုံးအရေးတကြီး ဆောင်ရွက်ကြရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း။

နှစ်ပေါင်းကြာရှည်စွာ အမြစ်တွယ်ခဲ့ကြသည့် အစွဲအလမ်းများ၊ ယုံကြည်ချက်၊ ခံယူချက်များကို ချက်ချင်း တစ်သားတည်း ဖြစ်လာနိုင်ရန် မလွယ်ကူသည်ကို အားလုံးသိရှိကြပါကြောင်း၊ သို့သော် စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ သဘောထားကြီးခြင်းတို့အပေါ် အခြေခံပြီး ဆွေးနွေးအဖြေရှာသွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့၏ ငြိမ်းချမ်းရေးခရီးစဉ်သည် ခရီးတစ်ခုကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ နောက်ကြောင်းကို ပြန်မကြည့်ဘဲ ခရီးဆုံးရောက်သည်အထိ ဇွဲသတ္တိရှိရှိဖြင့် အတူတကွ လက်တွဲပြီး ရှေ့ကိုဆက်လှမ်းကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းမှု၊ ပြည်သူများ၏ ထောက်ခံအားပေးမှုကြောင့် အခက်အခဲများကို ကျော်လွှားပြီး ခရီးဆုံးအထိ ဆက်လက်ချီတက်သွားကြရန် မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ၊ KNU ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ၊ KNU ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး လုပ်ငန်းစဉ်များ ရှင်းလင်း

နေပြည်တော် ဇွန် ၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ပဲခူးတိုင်းဒေသကြီး ပြည်ဒေသရှိ ပြည်မြို့ မင်္ဂလာဂါးဒင်းခန်းမ၌ ဇွန် ၄ ရက်တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်အားလျော်စွာ ယခုအခါ ယဉ်ကျေးမှုအမွေအနှစ် ၄၆ ခုအထိ သတ်မှတ်ပြီးဖြစ်ကြောင်း၊ ပျူခေတ်၏ မြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ၂၀၁၀ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယူနက်စကို၏အကူအညီ၊ အီတလီနိုင်ငံ၏ အထောက်အပံ့တို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့လူမျိုးသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ဝန်းကျင်ကတည်းက ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သည်ကို ကမ္ဘာသိအောင်ပြသသွားနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူတို့အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမှာဖြစ်ကြောင်း၊ မိမိတို့၏ PYUCOM အဖွဲ့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မိမိတို့၏အမွေအနှစ်များအပေါ် အချို့သောတိုင်းပြည်များမှ နည်းပညာပိုင်းဆိုင်ရာလာရောက်ကူညီလျက်ရှိနေပြီဖြစ်ကြောင်း၊ ယခုလလယ်၌ ကာတာနိုင်ငံတွင် ကျင်းပမည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံတွင် မိမိတို့၏ အမွေအနှစ်များအပေါ် ဆုံးဖြတ်ချက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံများက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် သရေခေတ္တရာမြို့ဟောင်း လုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ ရှေးဟောင်းအဆောက်အအုံများ၊ သရေခေတ္တရာပြတိုက်နှင့် ပြခန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုတီးကုန်းအထက်တန်းကျောင်း ဝရန်တာအောက်ရက်မကျိုးသည့် ကျောင်းဆောင်နှင့် ထိခိုက်ဒဏ်ရာရ ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှု

ပြည် ဇွန် ၄

ဇွန် ၂ ရက်က ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်အပေါ်ထပ် ဝရန်တာအောက်ရက်မကျိုးသည့် ကျောင်းဆောင်သို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၁)နှင့်(၃) အခြေခံပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ သွားရောက်ကြည့်ရှုပြီး မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးဌာနများနှင့် ပူးပေါင်းစစ်ဆေး၍ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

အမှတ်(၁) အခြေခံပညာဦးစီးဌာနအနေဖြင့် ရက်မကျိုးကျသည့် ၁၀' × ၆' အပေါ်ထပ်အခန်းအတွက် လတ်တလောပြုပြင်အစားထိုးဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ အဆိုပါနှစ်ထပ်ကျောင်းဆောင်အား ကျပ်သိန်း ၁၄၀ အကုန်အကျခံ၍ အကြီးစားပြုပြင်မွမ်းမံခြင်း၊ မူလတန်းကျောင်းဆောင်ပြုပြင်ခြင်း၊ ရေမိလ္လာစနစ်နှင့် သန့်စင်ခန်းများ ထပ်မံဖြည့်ဆည်းပေးခြင်းနှင့် လာမည့်ပညာသင်နှစ်တွင် ပုတီးကုန်းအထက ကျောင်းအတွက် နှစ်ထပ်ကျောင်းဆောင် အသစ်တစ်ဆောင် ထပ်မံဆောက်လုပ်ပေးရေးတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပုတီးကုန်းတိုက်နယ်ဆေးရုံ၊ ပြည်မြို့ ပြည်သူ့ဆေးရုံတို့၌ တက်ရောက်ဆေးကုသနေသည့် ကျောင်းသား ကျောင်းသူ လူနာ ၁၀ ဦးတို့အား သွားရောက်အားပေးစကားပြောကြားပြီး အစားအသောက်နှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်မြို့ ပညာရေးကောလိပ်သို့ ရောက်ရှိပြီး ဆရာအတတ်ပညာသင် ဌာနများတွင် အင်္ဂလိပ်စာ ဘာသာစကားစွမ်းရည်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် ပြည်ပ ပညာရှင်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ သိပ္ပံလက်တွေ့ခန်း၊ ရတနာဆောင်၊ ပညာရေးကောလိပ် အနောက်ဘက်မြေထိန်းနံရံ ဆောက်လုပ်ရန်နှင့် သောက်သုံးရေသိုလှောင်ထားရှိမှုများအပေါ် လိုက်လံကြည့်ရှုသည်။

ဒုတိယဝန်ကြီးသည် နံနက်ပိုင်းတွင် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်အင်ကြင်းဆောင်၊ တစ်ထပ်ပျဉ်းမဆောင် ပြင်ဆင်ရေးတို့အတွက် မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ အတူတကွပူးပေါင်း၍ ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ကြရန်နှင့် ပညာရေးအတွက် ပူးပေါင်းပါဝင်လုပ်ဆောင်ကြရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာဂျစ္စတန်ရှိ အမေရိကန်လေတပ်စခန်း ၁၂ နှစ်ကြာ အသုံးပြုခဲ့ပြီးနောက် ပိတ်သိမ်း

ဘစ်ရှ်ကက် ဇွန် ၄

ကာဂျစ္စတန်နိုင်ငံ၌ အမေရိကန်လေတပ်အခြေစိုက်စခန်းအဖြစ် အသုံးပြုခဲ့သော စခန်းတစ်ခုကို ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၄ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန် တပ်ဖွဲ့ဝင်များ၊ ၎င်းတို့အတွက် ထောက်ပို့ ပစ္စည်းများ၊ စစ်ယာဉ်များ စသည်တို့ ပေးပို့နိုင်ရန် ကြား စခန်းတစ်ခုအဖြစ် ၁၂ နှစ်ကြာမျှ အသုံးပြုလာခဲ့သော လေတပ်စခန်းကို အမေရိကန်က ပိတ်လိုက်ပြီဖြစ်ကြောင်း အဆိုပါ စစ်စခန်း၏တပ်မှူးကြီးဗိုလ်မှူးကြီးဂျွန်မီးလတ်က ပြောကြားသည်။

ဘစ်ရှ်ကက်မြို့ မြောက်ဘက်ရှိ မားနက်စ်စခန်းကို ငှားရမ်းပေးခဲ့ပြီးနောက် ငှားရမ်းမှုကာလသက်တမ်းတိုးရန် ကာဂျစ္စတန်အစိုးရက လွှတ်ခဲ့သည့်နှစ်က ငြင်းဆိုခဲ့သည်။

လွှဲပြောင်းပေးအပ်

စစ်စခန်းကိုပိတ်သိမ်းပြီးနောက် ပြန်လည်အပ်နှံမှု အထိမ်းအမှတ်အဖြစ် သော့များကို ကာဂျစ္စတန်အာဏာပိုင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

၂၀၀၁ ခုနှစ်နှောင်းပိုင်းတွင် အမေရိကန် အခြေစိုက်စခန်းတစ်ခုအဖြစ် စတင်အသုံးပြုခဲ့ပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးနိုင်ငံတကာ ညွန့်ပေါင်းတပ်ဖွဲ့ဝင် ၅ ဒသမ ၅ သန်းခန့်သည် အဆိုပါစခန်းကို ဖြတ်သန်းခဲ့ကြောင်း ဗိုလ်မှူးကြီးဂျွန်မီးလတ်က ပြောကြားသည်။

မားနက်စ်စခန်းရှိ တပ်ဖွဲ့ဝင်များအားလုံး ရက်သတ္တတစ်ပတ်အတွင်း ရုပ်သိမ်းထွက်ခွာသွားမည်ဖြစ်ကြောင်း ကာဂျစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ပါမီလာစပရက်လန်းက ပြောကြားသည်။ **ပီတီအိုင်။**

ကာဂျစ္စတန်နိုင်ငံရှိ မားနက်စ် စစ်စခန်းကို တွေ့ရစဉ်။

ယူကရိန်းဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း ရုရှားတင်သွင်း

တိုကျို ဇွန် ၄

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးနိုင်ရေးအတွက် လမ်းကြောင်းများ ဖွင့်ပေးနိုင်ရန် ဖော်ပြသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ရုရှားနိုင်ငံက ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၄ရက်တွင် သတင်းထုတ်ပြန်သည်။

အစည်းအဝေးခေါ်

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံက တံခါးပိတ်အစည်းအဝေးတစ်ရပ်ကို ခေါ်ယူခဲ့သည်။

ယူကရိန်းနိုင်ငံ အရှေ့တောင်ပိုင်း၌ တည်ငြိမ်အေးချမ်းမှု ဆိုးဆိုးရွားရွား ပျက်ပြားနေမှု အဆုံးသတ်ကာ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရန် ဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြထားသည်။

မေးခွန်းထုတ်

ရုရှားနိုင်ငံက တင်သွင်းသော ဆုံးဖြတ်ချက် မူကြမ်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင် နိုင်ငံအချို့က အပြုသဘောတုံ့ပြန်ကြသော်လည်း နိုင်ငံအချို့က စောဒကတက်သည့် မေးခွန်းများကို ထုတ်ခဲ့ကြကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗိုက်တယ်လီချာဘင်က ပြောကြားသည်။ ၎င်းသည် ဇွန်လအတွက် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌရာထူးကို ရယူထားသူဖြစ်သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ ခွဲထွက်ရေးသမားများ၏ လှုပ်ရှားမှုများကို ရုရှားနိုင်ငံက နောက်ကွယ်မှ သွေးထိုးပေးနေကြောင်း ယူကရိန်း အစိုးရအဖွဲ့နှင့် အနောက်အုပ်စုနိုင်ငံများက စွပ်စွဲခဲ့ကြသည်။

ရိုက်တာ။

၂၅နှစ်မြောက် တိနန်အန်မင် နှိမ်နင်းသည့်နေ့ ရင်ပြင်တွင် လုံခြုံရေး ထူထပ်စွာ ချထား

ပေကျင်း ဇွန် ၄

တရုတ်နိုင်ငံ ပေကျင်းမြို့ တိနန်အန်မင်ရင်ပြင်၌ လူထု အုံကြွမှုအား သွေးထွက်သံယို နှိမ်နင်းသည့် ၂၅ နှစ်မြောက်နေ့တွင် ၎င်းရင်ပြင်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြည့်လျှံလျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရင်ပြင်သို့ရောက်ရှိလာကြသော နိုင်ငံခြားသတင်းထောက်များကို ရင်ပြင်နှင့် ဝေးရာ၌ နေရာပေးပြီး ဖြတ်သန်းသွားလာသော ပြည်သူများကို ရှာဖွေသည့်အပြင် ၎င်းတို့တွင် ပါလာသော စာရွက်စာတမ်းများကိုလည်း စစ်ဆေးသည်။

နှစ်ပတ်လည်နေ့တွင် ငြိမ်သက်နေစေရန် အတွက် တက်ကြွလှုပ်ရှားသူ ဒါဇင်ပေါင်းများစွာကို အာဏာပိုင်များက မကြာသေးမီ ရက်သတ္တပတ်အတွင်းတွင် ထိန်းသိမ်းထားခဲ့သည်။

၁၉၈၉ ခုနှစ် ဆန္ဒပြကြသူများက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် အလိုရှိကြသည်။ သို့သော်လည်း အာဏာရ ကွန်မြူနစ်ပါတီအတွင်း အာဏာလွန်ဆွဲပွဲ၌ သဘောထားတင်းမာသူများက အနိုင်ရရှိပြီးနောက် ၎င်းတို့ကို နှိမ်နင်းရန် အမိန့်ထုတ်ခဲ့သည်။

၁၉၈၉ ခုနှစ် ဆန္ဒပြသူများကို တန်ပြန်တော်လှန်ရေးသမားများအဖြစ် အာဏာပိုင်များက သတ်မှတ်ကြသည်။

နှစ်ပတ်လည်နေ့မတိုင်မီ သီတင်းပတ်များအတွင်း ရှေ့နေများ၊ ဂျာနယ်လစ်များနှင့် တက်ကြွလှုပ်ရှားသူများကို အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

တိနန်အန်မင်ရင်ပြင်တွင် ကင်းလှည့်စောင့်ကြပ်နေကြသော ရဲတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

လူ့အခွင့်အရေးအုပ်စု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးမှ ထုတ်ပြန်သော ကြေညာချက်တွင် လူ ၆၀ သည် ဖမ်းဆီး စစ်ဆေးမေးမြန်းခြင်းခံနေရသည် သို့မဟုတ် ပျောက်ဆုံးနေသည်ဟု ဆိုသည်။

အင်တာနက်တွင် ၁၉၈၉ ခုနှစ် တိနန်အန်မင် နှိမ်နင်းမှုနှင့် စပ်ဆိုင်သော သတင်းများ ရှာဖွေခြင်းနှင့် ကန့်ကွက် ခြင်းများကို ပိတ်ထားပြီး ဂူဂဲလ် ရှာဖွေရေး အင်ဂျင် အသုံးပြုနိုင်မှုကိုလည်း တားမြစ်ထားသည်ဟု သတင်းများတွင် ဖော်ပြသည်။ **ဘီဘီစီ။**

လန်ဒန်၌ လူငယ်လမ်းသရဲဂိုဏ်းများ သောင်းကျန်းမှုခင်းကျဆင်းရေးအစီအစဉ် မြို့တော်ဝန်ထုတ်ပြန်

လန်ဒန် ဇွန် ၄

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်၌ လမ်းသရဲဂိုဏ်းများက အုပ်စုဖွဲ့ကျူးလွန်သည့် ရာဇဝတ်မှုခင်းများ ကျဆင်းစေရေးအတွက် လုံခြုံရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် မြို့တော်ဝန် ဘောရစ်ဂျွန်ဆင်က ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၄ရက်တွင် ဖော်ပြသည်။

လန်ဒန်ရှိ ဝါတာလူးဘူတာရုံ၌ ကင်းလှည့်စောင့်ကြပ်နေကြသော ရဲတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

ဂိုဏ်းဖွဲ့ကာ ရာဇဝတ်ပြစ်မှုကျူးလွန်သည့် ဖြစ်စဉ်များ၌ လူငယ်များ ပါဝင်ပတ်သက်မှု မရှိစေရေးအတွက်တားဆီးကာကွယ်မည့် အစီအမံများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းမြို့တော်ဝန်ဂျွန်ဆင်က ပြောကြားသည်။

ဂိုဏ်းဖွဲ့ကာ ပြစ်မှုကျူးလွန်မှုများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သကဲ့သို့ လာမည့်နှစ်များအတွင်း ယင်းကဲ့သို့သော ပြစ်မှုများ ပေါ်ပေါက်စေခြင်း မရှိစေရန် တားဆီးကာကွယ်သည့်နည်းလမ်းကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လန်ဒန်တွင် လမ်းသရဲဂိုဏ်း ၂၂၄ ဂိုဏ်းအထိ ရှိနေပြီး အဖွဲ့ဝင် ၃၄၉၅ဦး ရှိသည်ဟု ရဲတပ်ဖွဲ့က ခန့်မှန်းသည်။ လမ်းသရဲဂိုဏ်းဝင်များသည် သေနတ်ပစ်ခတ်ခြင်း၊ ဓားဖြင့်ထိုးခြင်း၊ လူငယ်ချင်းသတ်ဖြတ်ခြင်းစသည့် ပြစ်မှုများကို ကျူးလွန်လျက်ရှိကြသည်။

လန်ဒန်ရာဇဝတ်မှုခင်း တားဆီးကာကွယ်ရေးရန်ပုံငွေထူထောင်ထားပြီး လူငယ်များပြစ်မှုကျူးလွန်မှုမရှိစေရေးအတွက်ကြိုတင်ကာကွယ်သည့် အစီအမံများချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။ **ဆင်ဟွာ။**

ဘိုကိုဟာရမ် တိုက်ခိုက် ကျေးရွာသားများ သေဆုံး

လေဂို့စ် ဇွန် ၄

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘော်နိုပြည်နယ်အတွင်းမှ ကျေးရွာများကို ဘိုကိုဟာရမ်စစ်သွေးကြွများက အင်္ဂါနေ့တွင် ထပ်မံတိုက်ခိုက်ပြန်ရာ ဒါဇင်နှင့် ချီ၍ လူအသေအပျောက်ရှိကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘိုကိုဟာရမ်သည် နိုင်ဂျီးရီးယား အစ္စလာမ့်နိုင်ငံ ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၉ ခုနှစ်မှစ၍ သွေးထွက်သံယို သောင်းကျန်းမှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

၎င်းအဖွဲ့၏ သောင်းကျန်းမှုလုပ်ငန်းစဉ်တွင် ဗိုလ်ချုပ်ကြီးအချို့က အကူအညီပေးနေသည်ဟု ပေါ်ထွက်လာသော သတင်းကို မဟုတ်မမှန်ကြောင်း နိုင်ဂျီးရီးယား စစ်ဘက်က ငြင်းဆိုပြီးနောက် ယခုကဲ့သို့ တိုက်ခိုက်ခြင်း ဖြစ်သည်။

စစ်သွေးကြွများကို သတင်းပေးခြင်း၊ လက်နက်ထောက်ပံ့ခြင်းတို့အတွက် ဗိုလ်ချုပ်ကြီး ၁၀ ဦးနှင့် အခြားထိပ်တန်းစစ်ဘက်အရာရှိငါးဦးတို့ကို စစ်ခုံရုံးတင်ခဲ့ကြောင်း နိုင်ဂျီးရီးယားမီဒီယာများက အင်္ဂါနေ့တွင် ဖော်ပြသည်။

သို့သော် အဆိုပါသတင်းများသည် လိမ်လည်ရေးသားထားခြင်း ဖြစ်သည်ဟု စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ၎င်း ပြောဆိုချက်နှင့် ကွဲပြားနေသည့် ကြေညာချက်တစ်စောင်ကို ပြည်ထဲရေးဝန်ကြီး အက်ကာမိုရိုက စောစောပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

ကြေညာချက်တွင် စွပ်စွဲခံရသူများသည် မည့်သူတို့ဖြစ်ကြောင်း စစ်ဘက်က ထုတ်ဖော်ခြင်းမှာ သတင်းကောင်းဖြစ်သည်ဟု ပြောကြားပြီး အခြားတာဝန်ထမ်းဆောင်နေသည့် အရာရှိများကို ပြင်းထန်စွာ သတိပေးခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

ကင်မရွန်းနယ်စပ်အနီး အက်တာဂါရာ ကျေးရွာမှ ရွာသူရွာသားများက ပြောကြားရာတွင် လက်နက်ကိုင်များက ၎င်းတို့ကို ဘုရားရှိခိုးကျောင်းဝင်းအတွင်းသို့ စုရုံးစေသည်ဟု ပြောကြားသည်။ စုရုံးနေသည့် လူအုပ်အတွင်းသို့ ၎င်းလက်နက်ကိုင်များက ပစ်ခတ်ခြင်းဖြစ်သည်ဟု မျက်မြင်များက ပြောကြားသည်။

အဆိုပါ လက်နက်ကိုင်များသည် နိုင်ဂျီးရီးယားစစ်ဘက်မှ လူများဖြစ်သည်ဟု ယုံကြည်ရကြောင်း ၎င်းတို့က ထပ်မံပြောကြားသည်။

အနည်းဆုံးကျေးရွာပေါင်း ၃၀ ကို ဝင်ရောက်တိုက်ခိုက်ပြီး လူပေါင်း၃၀ကို သတ်ဖြတ်ခဲ့ကြသည်ဟု နိုင်ဂျီးရီးယားမီဒီယာများက ဖော်ပြသည်။ **ဘီဘီစီ။**

(၃၇)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၄

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး 37th ASEAN Senior Transport Officials Meeting (37th STOM) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် သင်္ဂဟဟိုတယ် Grand Ballroom ၌ ကျင်းပ သည်။(ယာပုံ)

အဆိုပါ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဦးသန်းဌေး၊ ဦးကျော်လွင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အာဆီယံနိုင်ငံများမှ STOM အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ (AEC Blue Print) နှင့် ဘရူနိုင်းရှေ့လုပ်ငန်းစဉ် (Brunei Action Plan- BAP) ပါလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ပြီးစီးမှု၊ အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းဈေးကွက် အကောင်အထည်ဖော်မှု၊ အာဆီယံအဝေးပြေးကွန်ရက်နှင့် စင်ကာပူ- ကူမင်း ရထားလမ်းတည်ဆောက်မှု၊ အာဆီယံ၏ တစ်ခုတည်းသော ရေကြောင်းဈေးကွက် အကောင်အထည်ဖော်မှု၊ ပင်လယ်ပြင်ရေထုညစ်ညမ်းမှုနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး အစည်းအဝေးကို သုံးရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

37th STOM အစည်းအဝေးမစတင်မီ နံနက် ၉ နာရီတွင် အာဆီယံမဟာဗျူဟာပို့ဆောင်ရေးစီမံကိန်းကို ဆက်ခံမည့် ပို့ဆောင်ရေးကဏ္ဍရှေ့လုပ်ငန်းစဉ်များ ရေးဆွဲရေးဆိုင်ရာ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး (1st Meeting of Task Force on the Development of Successor ASEAN Strategic Transport Plan- 1st TFM) ကိုကျင်းပရာ ဒုတိယဝန်ကြီး ဦးဇင်ယော် တက်ရောက် အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ STOM အဖွဲ့ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ၂၀၁၅အလွန်တွင် ဖြစ်ပေါ်လာမည့် အခြေအနေများနှင့် ကိုက်ညီမှုရှိသော အာဆီယံ၏ ပို့ဆောင်ရေးဆိုင်ရာ မျှော်မှန်းချက်ချမှတ်နိုင်ရေးနှင့် ၂၀၁၅တွင်ကုန်ဆုံးမည့် အာဆီယံမဟာဗျူဟာပို့ဆောင်ရေးစီမံကိန်း(ASTP) ကိုဆက်ခံမည့်စီမံချက်အသစ်ရေးဆွဲနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်တိုက်မိဟန်ဆောင်၍ ငွေတောင်းသူငါးဦး ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၄

မေ ၂၉ ရက်တွင် လူမှုကွန်ရက်စာမျက်နှာတစ်ခုက ကမာရွတ်မြို့နယ် သံလွင်လမ်း၌ လူတစ်စုကမော်တော်ယာဉ်နှင့်တိုက်မိသကဲ့သို့ ဟန်ဆောင်ကာ အုပ်စုဖွဲ့လုယက်ရန်ပြုခဲ့ကြောင်း သတင်းပေးဖော်ပြခဲ့ရာ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် သတင်းတွင်ဖော်ပြပါရှိသော နေရာသို့ သွားရောက်စုံစမ်းခဲ့သည်။

ထိုသို့စုံစမ်းခဲ့ရာ ဇွန် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် သံလွင်လမ်းရှိ ခြံတစ်ခြံရှေ့၌ မင်းမင်းလတ်(၂၈) နှစ် မောင်စိန်ရပ်ကွက် ဒလမြို့နယ်၊ သီဟဇော်(၂၀)နှစ် ကျန်စစ်သားရပ်ကွက် ဒလမြို့နယ်၊ အောင်အောင်(၂၅) နှစ် မှော်စက်ရပ်ကွက် ဒလမြို့နယ်၊ ဝင်းတင် (၂၀)နှစ် မှော်စက်ရပ်ကွက် ဒလမြို့နယ်နှင့် သံချောင်း (၂၁)နှစ် ကမာကဆစ်ရပ်ကွက် ဒလမြို့နယ်နေသူငါးဦးတို့အားတွေ့ရှိခဲ့ပြီး သံလွင်လမ်းအတွင်း မော်တော်ယာဉ်ဖြင့် တိုက်မိသကဲ့သို့ ဟန်ဆောင်၍ ယာဉ်ပိုင်ရှင်၏နေအိမ်သို့သွားရောက်ငွေတောင်းစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

၎င်းတို့အား ဆက်လက်စစ်ဆေးရာ ၂၀၁၄ ခုနှစ် ဧပြီလအတွင်းက တာမွေမြို့နယ် တာမွေသချိုင်းဟောင်းအနီး၌ လည်းကောင်း၊ မေလအတွင်းက ဗဟန်းမြို့နယ် ဖိုးစိန်လမ်း သျှင်ပါကူဆေးရုံအနီးနှင့် စမ်းချောင်းမြို့နယ် ဗဟိုလမ်း အာရှတော်ဝင်ဆေးရုံအနီး၌ လည်းကောင်း၊ လွန်ခဲ့သော တစ်ပတ်ခန့်က ဗဟန်းမြို့နယ် ဖိုးစိန်လမ်းအတွင်း၌လည်းကောင်း အလားတူ ယာဉ်ဖြင့်တိုက်မိသကဲ့သို့ ဟန်ဆောင်၍ ငွေတောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းတို့ငါးဦးအား ဆက်လက်စစ်ဆေးလျက်ရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းကဲ့သို့ လူမှုကွန်ရက်စာမျက်နှာတွင် သတင်းပေးပို့တင်ပြလာမှုအရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ချက်ချင်း အရေးယူဆောင်ရွက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ရာ ရဲတပ်ဖွဲ့က ပြည်သူဗဟိုပြုသည့် ရဲလုပ်ငန်းစနစ် ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ထိရောက်အောင်မြင်မှုများရှိလာခဲ့ခြင်း ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်တွင်လည်း ပြည်သူများက ယခုကဲ့သို့ ပူးပေါင်းပါဝင်၍ သတင်းပေးပို့ကြပါရန် တိုက်တွန်းအသိပေး ဖော်ပြအပ်ပါသည်။

(ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့)

လူကုန်ကူးမှု တားဆီးရေး ပိုင်းဝန်းကူညီ ဆောင်ရွက်ပေး

ကျွန်းစုမြို့တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

မြိတ် ဇွန် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ကျောက်ဖျာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနည်းတူ ဂျပန်ကုမ္ပဏီမစ်ဆူနှင့် တိုရှီဘာကုမ္ပဏီတို့သည် မြန်မာနိုင်ငံတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်မည်ဟု အတည်ပြုချက် ထုတ်ပြန်လိုက်ချိန်တွင် မြန်မာပြည်တောင်ပိုင်း တနင်္သာရီကမ်းရိုးတန်း ပင်လယ်ပြင်ကျွန်းစုမြို့တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေး ယာယီပြင်ဆင်တိုင်းတာတွက်ချက်လျက်ရှိကြောင်း သိရသည်။

ကျောက်မီးသွေးကို သာမန်ထက် ပိုမိုအားပြင်းသော မီးအားပေးပြီး လောင်ကျွမ်းမှုဖြစ်စေမည့် နည်းပညာအသစ်အသုံးပြု၍ တည်ဆောက်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံးများထဲ၌ လျှပ်စစ်စွမ်းအား ပိုမိုထုတ်လုပ်နိုင်သည့်အပြင် ပုံမှန်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများထက် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုနည်းပါးမည်ဟု သိရသည်။ မြိတ်ကျွန်းစုကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တိုင်းတာစမ်းစစ်ချက်ပြီးစီးပါက ၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင် စတင်တည်ဆောက်ရန် ခန့်မှန်းထားကြောင်း သိရသည်။

(ရေးရွှေလင်း-မြင့်မောင်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစားပေး မြော်တွေးနောင်အရှည်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၅-၆-၁၉၇၂ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ လူ့ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံကြီးကို ဦးစီးကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၁၃ နိုင်ငံမှ ကိုယ်စားလှယ် ၁၂၀၀ ကျော် တက်ရောက်ခဲ့သည်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) ကို ဖွဲ့စည်းပေးပြီး နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို "ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့" သတ်မှတ်ကာ အခမ်းအနားများ၊ စာပေပြိုင်ပွဲများ ကျင်းပလျက်ရှိပေ၏။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟုဆိုလျှင် သစ်ပင်သစ်တောများ၊ ချောင်း၊ မြစ်၊ ပင်လယ်သမုဒ္ဒရာများ၊ တိရစ္ဆာန်များ (ကုန်း၊ ရေ၊ လေ)၊ မြေအောက်သယံဇာတများအကျုံးဝင်သည်။ ထင်းအတွက်ဖြစ်စေ၊ နေအိမ်အဆောက်အအုံနှင့် အသုံးအဆောင်ပရိဘောဂအတွက်ဖြစ်စေ သစ်ပင်များခုတ်ယူကြရ၏။ လူဦးရေတိုးလာသည်နှင့်အမျှ သစ်ပင်များ လျော့နည်းပြုန်းတီးလျက်ရှိ၏။ တောင်ယာခုတ်မီးရှို့မှု၊ တောမီးလောင်မှုများကြောင့်လည်း တောပြုန်းရုံသာမက လေထုညစ်ညမ်းမှုပါ ဖြစ်စေသည်။ ဖမ်းဆီးသတ်ဖြတ်စားသောက်ကြသဖြင့် တိရစ္ဆာန်အရေအတွက် (မွေးမြူရေးမပါ)လည်း လျော့နည်းလာ၏။ အချို့တိရစ္ဆာန်များ မျိုးစိတ်ပျောက်ကွယ်လုမတတ်အခြေအနေရှိသည်။ ထုတ်ယူသုံးစွဲမှုများသဖြင့် မြေအောက်သယံဇာတများ လျော့နည်းလာသည်။ "အိမ်လာ ယာဆုတ်"ဆိုသလို မြို့ပြတိုးချဲ့မှုကြောင့်လည်းကောင်း၊ လမ်းဖောက်၊ စက်ရုံဆောက်သဖြင့်လည်းကောင်း လယ်ယာစိုက်ပျိုးရေးမြေများ လျော့ပါးသွား၏။

စီးပွားရေးဖွံ့ဖြိုးအောင် စက်ရုံတွေ ဆောက်လေ မော်တော်ကားတွေ၊ ရထားတွေ တိုးလာလေ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းစေသည်။ စက်ရုံစွန့်ပစ္စည်းရေဆိုးများ စီးဝင်သဖြင့် ရေထုညစ်ညမ်းမှုဖြစ်စေပြန်၏။

ကာဗွန်ဒိုင်အောက်ဆိုက်စသော ဓာတ်ငွေ့များကြောင့် ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေပြီး ကမ္ဘာကြီးပူနွေးစေသည်။ သစ်တောများ ပြုန်းတီးမှု၊ အိုဇုန်းလွှာပေါက်သဖြင့် နေမှ ကမ္ဘာမြေသို့ ခရမ်းလွန်ရောင်ခြည်များ

မောင်ကျေးဇူး

တိုက်ရိုက်ကျရောက်မှုတို့ကလည်း ကမ္ဘာကြီးပူနွေးလာမှုကို မီးလောင်ရာလေပင့်သလို ဖြစ်စေ၏။ ဝင်ရိုးစွန်းအအေးပိုင်းဒေသ ရေခဲပြင်ကြီးများ အရည်ပျော်ပြီး ပင်လယ်ရေမြင့်တက်သည်။ ရာသီဥတုဖောက်ပြန်လျက်ရှိ၏။

ကမ္ဘာကြီးပူနွေးလာမှုလျော့ပါးရေး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ထုတ်လွှတ်မှုလျှော့ချရေး၊ ဖန်လုံအိမ်အာနိသင်လျှော့ချရေး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးညီလာခံက ဆုံးဖြတ်သော်လည်း လက်မှတ်မထိုးသောနိုင်ငံကြီးများရှိသည်။ လက်မှတ်ထိုးသည့်တိုင် ကိုယ့်နိုင်ငံစီးပွားဖွံ့ဖြိုးမှု ထိခိုက်မည်စိုးပြီး ဆုံးဖြတ်ချက် မလိုက်နာသည့် နိုင်ငံများရှိ၏။

သစ်တောပြုန်းတီးမှုဆိုလျှင် အလွန်သိသာသည်။ ရန်ကုန်-မန္တလေး ရထားစီးစီး၊ ကားစီးစီး အမြဲစိမ်းလန်းနေသည့် ရိုးမတောင်တန်းတစ်လျှောက် သွေ့ခြောက်တောင်ကတုံးဘဝ ရောက်နေပြီ။ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်တစ်လျှောက် ဥပဒေချိုးဖောက် သစ်ခိုးထုတ်မှုမျိုးကို ထိရောက်စွာ အရေးယူမှုအားနည်းသည်။ သစ်တစ်ပင်ခုတ် အချပ်သုံးလ စာတန်းများ ချိတ်ထားသော်လည်း တစ်တောလုံးပြုတ်အောင်ခုတ်သူများ သူဌေးဖြစ်နေကြပြီ။ ဆန်ခိုးမမိ ဖွဲခိုးမိကိန်းဆိုက်နေပြီ။

စည်းမဲ့ကမ်းမဲ့ သစ်ခုတ်သူများကို ဆရာဇော်ဂျီက ဤသို့ သတိပေးခဲ့သည်။

"တောပင်တွေ တော်တော်ခုတ်ကြ
တောပြုတ်လိမ့်နောက်နောင်
တောခုတ်လို့တောပြောင်
မိုးခေါင်တော့မှာပဲ
မိုးခေါင်လို့ရေမကြွယ် သဲပင်လယ်ဖြစ်လိမ့်မလွဲ"

နောင်အရှည်မြော်တွေး၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ကဗျာသုံးပုဒ် ကျွန်ုပ်ရေးခဲ့ဖူးပါ၏။

သစ်ပင်စိုက်စို့

- သစ်တစ်ပင်၊ နေပူလျှင်အရိပ်ပေး
  ခိုနားသူအပူကင်း၊ ရင်တွင်းမှာအေး။
- ဥတုရာသီ၊ တောကိုမှီပါမှ
  နွေမိုးရယ် ဆောင်းမရွေး ပူအေးမျှတ။
- လူ့ပတ်ဝန်းကျင်၊ သစ်ပင်ကြောင့်ကြည်နူး
  စုံမြိုင်ယံပင်ပေါ်ထက်၊ ကျေးငှက်ကမြူး။
- လူငယ်များနှစ်၊ တို့ချစ်သည့်သစ်ပင်
  လူငယ်တွေပါဝင်စိုက်၊ စိတ်၌ကြည်လင်
  တုန္နိုင်းမမြင် လူ့တိုင်းခွင်သာမော။
  ဖူးပွင့်ဝေ သုတ်လေဖျန်းတယ် စိမ်းလန်းသစ်တော။

(တို့ကျောင်းသား ၇/၁၉၈၅)

သဘာဝပတ်ဝန်းကျင်နှင့် လူ

မကြားဖူးတာတွေ ကြားရ
မမြင်ဖူးတာတွေ မြင်ရ
မကြုံဖူးတာတွေ ကြုံရ
မတွေ့ဖူးတာတွေ တွေ့ရ
မဖြစ်ဖူးတာတွေ ဖြစ်ရ
မပျက်ဖူးတာတွေ ပျက်ရ
ဖြစ်ပျက်သမျှ လူမှုဒုက္ခ
သဘာဝကိုချည်း လွှဲမချနှင့်
ဘယ်သူမပြုမိမိမှု
လူသားထုပယောဂ
လောဘ-ဒေါသ-မောဟ။

(အတွေးသစ် ၁၅-၁၀-၂၀၁၂)

မထိန်းချုပ်လျှင် မျိုးပြုတ်မည်

သစ်ပင်တွေခုတ်ချင်တိုင်းခုတ်
အမြစ်ပါ နုတ်လိုနုတ်။
မြေအောက်ရှိတာတွေထုတ်ချင်းတိုင်းထုတ်
ငတေမာတဲ့ဇာတ်ရုပ်။
လောဘသမားမထိန်းချုပ်လျှင်
မျိုးပြုတ်လိမ့် သယံဇာတ
သားစဉ်မြေးဆက်ဒုက္ခ။ ။

(တော်ဝင်ပန်း ၂၆-၇-၂၀၁၂)

ကမ္ဘာကြီးပျက်စီးလုမနီးရအောင် ကမ္ဘာမြေကိုကယ်တင်ရာတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ကြဖို့လိုသည်။ ကမ္ဘာကြီးပျက်စီးအောင် ဖျက်ဆီးနေသူများကိုလည်းကောင်း၊ တိုင်းပြည်မျက်နှာမထောက် ကိုယ်ကျိုးရှာသမားများကိုလည်းကောင်း အဂတိတရားမလိုက်စားဘဲဖော်ထုတ်အရေးယူအပြစ်ပေးရပေမည်။ တရားဥပဒေစိုးမိုးစေရမည်။ လက်တွေ့ပြဖို့အချိန်တန်ပါပြီ။ ။

(၅-၆-၂၀၁၄ ရက်နေ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်)

ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇွန် ၄

နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အထွေထွေအုပ်ချုပ်ရေးရုံး ဝန်ထမ်းသားသမီးများအတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ထောက်ပံ့ကြေးများကို ပေးအပ်သည်။

တက္ကသိုလ်ဝင်အဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၂ ဦးကို ငွေကျပ် ၄၀၅၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ထောက်ပံ့ကြေးငွေ တစ်ဦးလျှင် တစ်သောင်းကျပ်ကို ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ဇနီးတို့က ပေးအပ်ချီးမြှင့်ကြသည်။ (ဝဲပုံ) (ကိုကိုနေ)

ယာဉ်အန္တရာယ်ကင်းဝေးစေရေး ကျောင်းတက် / ဆင်းချိန်များတွင် ယာဉ်ကြောရှင်းလင်းမှုများ ဆောင်ရွက်

မြိတ် ဇွန် ၄

၂၀၁၄-၂၀၁၅ ပညာသင်နှစ်၏ ပထမနေ့ဖြစ်သော ဇွန် ၂ ရက် နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူလေးများသည် လွယ်အိတ်ကိုယ်စီလွယ်ကာ အဖြူအစိမ်းဝတ်စုံကို တူညီစွာဝတ်ဆင်၍ စာသင်ကျောင်းသို့ ရောက်ရှိလာကြသည်။

ထိုသို့ ကျောင်းသို့လာစဉ် လမ်းတွင် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲများက ယာဉ်အသွားအလာများသောနေရာများ၊ ကျောင်းသား ကျောင်းသူလေးများ လမ်းဖြတ်ကူးရမည့်နေရာများနှင့် ကျောင်းရှေ့များတွင် ယာဉ်ကြောများ ရှင်းလင်းပေးကာ ကလေးများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် ကျောင်းတက်/ ကျောင်းဆင်းချိန်များတွင် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ဆရာ ဆရာမများကလည်း ကျောင်းရှေ့မှ စောင့်ကြို၍ ကလေးများ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်ကို ပီတိဖြစ်ဖွယ်တွေ့ရသည်။

ယခုကဲ့သို့ ရဲတပ်ဖွဲ့နှင့် ဆရာဆရာမများက ကလေးများကို မိမိရင်သွေးများသဖွယ် တစ်ဖက်တစ်လမ်းမှ ယာဉ်အန္တရာယ်ကင်းဝေးစေရန် တာဝန်ယူဆောင်ရွက်ပေးသဖြင့် ကျောင်းသားမိဘများအနေဖြင့် များစွာဝမ်းမြောက်ရကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

လျော်ကြေး၊ နစ်နာကြေးများကို အမှန်တကယ်နစ်နာသူများရရှိအောင် အိမ်ထောင်စုတစ်စုချင်းအလိုက် စနစ်တကျ မျက်မြင်ကောက်ယူ

နေပြည်တော် ဇွန် ၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်းများကို **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး**က ပြန်လည်ဖြေကြားခဲ့သည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေက ညောင်ရွှေမြို့နယ် စကားဒေသတွင် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးအတွက် (၆၆/၁၁)ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေထည့်သွင်းရေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ တောင်ကြီးမြို့၌ ၁၃၂/၆၆ ကေဗွီ (၆၀) အမ်ဗွီအေ ဓာတ်အားခွဲရုံသစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ အဆိုပါ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးသည့်နောက်ပိုင်းတွင် ၆၆ ကေဗွီ နောင်ကားဓာတ်အားခွဲရုံမှတစ်ဆင့် စကားဒေသ ဓာတ်အားရရှိရေးအတွက် ရန်ပုံငွေ လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေက ရှမ်းပြည်နယ် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကြောင့် ပြောင်းရွှေ့ကျေးရွာ ၂၃ ရွာမှ လူဦးရေတစ်သောင်းခန့်တို့၏ နေထိုင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ဘဝအာမခံချက်ရှိရေး၊ သောက်သုံးရေရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ကို ကူညီဖြည့်ဆည်းပေးရန်၊ လျော်ကြေး၊ နစ်နာကြေးများကို အမှန်တကယ် နစ်နာသူများ ရရှိအောင် စီမံဆောင်ရွက်ပေးရန်နှင့် နစ်နာသူများအပေါ် မမှန်မကန် အခွင့်အရေးရယူ အလွဲသုံးစားပြုသည့် တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ ပေးအပ်သော လျော်ကြေး၊ နစ်နာကြေးများကို အမှန်တကယ်နစ်နာသူများရရှိအောင် အိမ်ထောင်စုတစ်စုချင်းအလိုက် စနစ်တကျ မျက်မြင်ကောက်ယူခြင်း၊ အိမ်ပိုင်ရှင်မှ ကျေနပ်သည်အထိ ညှိနှိုင်း၍ အတည်ပြု လက်မှတ်ရေးထိုးခြင်းများကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် နစ်နာခြင်းကြောင့် တိုင်ကြားမှုများ မရှိသေးပါကြောင်း၊ မမှန်မကန်အခွင့်အရေးရယူ အလွဲသုံးစားပြုခြင်းများရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဖြေရှင်းပေးခြင်းနှင့် လိုအပ်သည့် အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ

ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကြောင့် ပြောင်းရွှေ့ကျေးရွာ ၂၅ ရွာ အိမ်ထောင်စုပေါင်း ၂၅၂၄ စုတို့ နေထိုင်ရေးအတွက် ကျေးရွာသစ်အဖြစ် မြေ ၆၀၄ ဧကကို ဖော်ထုတ်ပေးပြီး လူနေအိမ်များ ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်သော အကူအညီအထောက်အပံ့များ၊ ငွေကြေးပံ့ပိုးပေးခြင်းများနှင့် ကျေးရွာလမ်းများ ဖောက်လုပ်ပေးခြင်း၊ သောက်သုံးရေ ရရှိရေးအတွက် အုတ်ရေကန် ၁၇၀ လုံးနှင့် ရေပိုက်လိုင်းပေ ၃၂၉၀၀၀ သွယ်တန်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆေးပေးခန်းများ၊ စာသင်ကျောင်းများစသည့် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ကျေးရွာသစ်များတွင် လျှပ်စစ်မီးရရှိရန်အတွက် ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် နေအိမ်အရောက် မီတာတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် တမံရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကျေးရွာ ၂၅ ရွာကို ရေလွှတ်ကင်းနေရာသို့ အချိန်မီရွှေ့ပြောင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ၂၀၁၂ ခုနှစ် စက်တင်ဘာလမှ စတင်၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် မတ်လကုန်ထိ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရှိရသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်က မာန်အောင်မြို့ပေါ် ရပ်ကွက်(၅) ခုရှိ ကြံ့ခိုင်မှုမရှိသော ဓာတ်တိုင်များအားလုံးကို ကွန်ကရစ်တိုင်နှင့် လျှပ်စစ်မီးကြိုးများ အမြန်ဆုံးလဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ မာန်အောင်မြို့ပေါ် ရပ်ကွက် (၅) ခုရှိ သစ်သားတိုင် (၇၅) လုံးကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့က ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာတစ်နိုင်ငံလုံး၌ ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ရန် စုစုပေါင်းတိုင် ၂၃၂၃၀၇ တိုင် ကျန်ရှိနေပြီး လဲလှယ်ပါက ခန့်မှန်းကုန်ကျငွေ စုစုပေါင်းကျပ် ၅၄ ဒသမ ၅၈ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရှိရသည်။

လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ တင်သွင်းသည့် "လျှပ်စစ် ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအပါအဝင် သက်ဆိုင်ရာ ကော်မတီများနှင့် ဝန်ကြီးဌာနတို့မှ ညှိနှိုင်းဆွေးနွေးရာတွင် ပြင်ဆက်ချက် ၁၂၃ချက် စိစစ်တွေ့ရှိခဲ့ပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

၂၀၁၃ ခုနှစ်တွင် စတော့အိတ်ချိန်း ထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီ ဖွဲ့စည်း

နေပြည်တော် ဇွန် ၄

အလုပ်သမားဥပဒေ၊ ပဋိပက္ခဖြေရှင်းရေးဥပဒေ၊ တရားဝင်ဖွဲ့စည်းခွင့်ပေးထားသည့် အလုပ်သမား အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနတို့ပေါင်းစပ်ညှိနှိုင်း၍ ဥပဒေနှင့်အညီဆောင်ရွက်ပြီး အလုပ်ရှင်နှင့် အလုပ်သမားကိစ္စရပ်များ ပြေလည်သွားနိုင်ရန်ရည်ရွယ်၍ **"အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"**အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

"အလုပ်ရှင်နဲ့အလုပ်သမားကိစ္စတွေ ပြေလည်ဖို့ အဓိကအချက်က အလုပ်ရှင်ကလည်း ပွင့်လင်းရိုးသားရမယ်။ အလုပ်သမားကလည်း အဲဒီပွင့်လင်းရိုးသားတဲ့အပေါ်မှာ နားလည်ပြီး အလုပ်ရှင်ကို ယုံကြည်ပြီးတော့ လုပ်ငန်းတွေ လိုက်နာဆောင်ရွက်မယ်ဆိုရင် ပြေလည်သွားမှာပါ။ အလုပ်ရှင်ကတော့ အမြတ်တွေအများကြီးရတယ်၊ ငါတို့ကို မပေးဘူး။ ငါတို့ကိုတော့ နှိပ်စက်တာပဲ။ အဲဒီခံစားချက်တွေနဲ့ ဆိုရင် တစ်ချိန်မဟုတ်တစ်ချိန်ပေါက်ကွဲမှာပဲ။ အလုပ်ရှင်ကလည်း ငါဘယ်လောက်မြတ်တယ်။ကုန်ကျစရိတ်တွေ ဘယ်လောက်ရှိတယ်။ ဒီအတွက် မင်းတို့လည်းပဲ အပိုချီးမြှင့်ငွေရမယ်။ ဒီလိုနှစ်စဉ်နှစ်တိုင်းလုပ်ပေးလိုက်ရင် အလုပ်သမားတွေဘက်ကလည်း ဘာမှပြောစရာရှိမှာမဟုတ်ပါဘူး။ နောက်တစ်ခုက အလုပ်သမားတွေရဲ့ ကျန်းမာရေး၊ သွားရေးလာရေး၊ လူမှုရေးကိစ္စတွေကိုလုပ်ပေးပြီး အဲဒီအတွက် ကုန်ကျစရိတ် ဘယ်လောက်ကျတယ်၊ အကုန်အကျခံထားရတယ်။ အလုပ်သမားတွေကို မျှမျှတတနဲ့ ဘယ်လိုပေးမယ်ဆိုပြီး ပြောပြရင် ဒါကို အကုန်လုံးလက်ခံသွားမှာပါ"ဟု အဆိုရှင် ဒေါက်တာမြင့်ကြည်က ပြောပြခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညဏ်လင်း။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမိုးမြင့်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးညဏ်လင်း၏ **"မြန်မာစတော့အိတ်ချိန်း ဈေးကွက်ကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ၂၀၁၃ ခုနှစ်တွင် စတော့အိတ်ချိန်း ထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေး ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ရန်ကုန်စတော့အိတ်ချိန်း စတင်တည်ထောင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းအဖွဲ့အနေဖြင့် စတော့အိတ်ချိန်းပေါ်ပေါက်လာရန် စတော့ဈေးကွက်ကို အုပ်ချုပ်မည့် အဖွဲ့အစည်းထူထောင်ခြင်း၊ စတော့ဈေးကွက် (Stock Exchange) ထူထောင်ခြင်းနှင့် စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာများ၊ စတော့ ဝေစုများ အရောင်းအဝယ်လုပ်မည့် ကုမ္ပဏီများအား ပြင်ဆင်ပေးခြင်းလုပ်ငန်းဟူ၍ အပိုင်းသုံးပိုင်းခွဲခြား ဆောင်ရွက်ခဲ့ပါကြောင်း။

လက်ရှိတွင် အများပိုင်ကုမ္ပဏီ ၂၀၀ ဝန်းကျင်ရှိသော်လည်း ခိုင်မာသည့် ကုမ္ပဏီ နည်းပါကြောင်း၊ ခိုင်မာသည့် ကုမ္ပဏီများအား စတော့အိတ်ချိန်းတွင် ရှယ်ယာထုတ်ရောင်းနိုင်လောက်သည့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ပေးနေပါကြောင်း၊ လောလောဆယ်တွင် ကုမ္ပဏီ(၂)ခုအား (MoU) ရေးထိုးပြီးဖြစ်ပါကြောင်း၊ နောက်ထပ်ခိုင်မာပြီးသားကုမ္ပဏီများကို အရည်အသွေးပြည့်မီအောင် ပြင်ဆင်ပေးနေပါကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် စတော့အိတ်ချိန်းစတင်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါကြောင်း၊ စတင်ဆောင်ရွက်ရာတွင် အများပိုင်ကုမ္ပဏီ (၅)ခုဖြင့် ဆောင်ရွက်ရန် လျာထားပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမိုးမြင့်၏ **"မိခင်သေဆုံးသည်အထိ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုအား သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးအား အရေးယူပေးနိုင်ပါရန် တင်ပြအကူအညီတောင်းခံခြင်းကိစ္စနှင့် ပတ်သက်သည့်"**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အမှုဖြစ်စဉ်မှာ ရမည်းသင်းမြို့နေသူ ထွန်းထွန်းအောင် မောင်းနှင်လာသော ဆိုင်ကယ်နှင့် မြင်းခြံမြို့နေသူ ဒေါ်ပြုံး(ခ) ဒေါ်အုန်းကြည် မောင်းနှင်သောဆိုင်ကယ်တိုက်မိကြသဖြင့် ဒဏ်ရာအသီးသီးရရှိကာ ဒေါ်ပြုံး (ခ)ဒေါ်အုန်းကြည်အား မြင်းခြံပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ကုသစဉ် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ဒေါ်ပြုံး(ခ) ဒေါ်အုန်းကြည်နှင့် ထွန်းထွန်းအောင်တို့အား မြင်းခြံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

တရားခံ ထွန်းထွန်းအောင်အား တရားစွဲဆိုစစ်ဆေးခဲ့ပြီး မြင်းခြံမြို့နယ်တရားရုံးမှ ပြစ်မှုကြီးအမှတ် (၂၄၃/၂၀၁၄)၊ ပို့ကုန်/သွင်းကုန်ဥပဒေ ပုဒ်မ ၈ အရ အလုပ်နှင့်ထောင်ဒဏ်(၁)လ ကျခံစေရန်နှင့် ငွေဒဏ်ကျပ် (၂၀၀၀၀) ပေးဆောင်စေရန်၊ ငွေဒဏ်မဆောင်က နောက်ထပ်ထောင်ဒဏ်(၆)လ ကျခံစေရန်၊ လိုင်စင်/ အကောက်ခွန်မဲ့ဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် လည်းကောင်း၊ ၂၀၁၄ ခုနှစ် မေ ၂၁ ရက်တွင် ပြစ်မှုကြီးအမှတ် (၂၄၂/၂၀၁၄)၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၆၈ အရ အလုပ်နှင့် ထောင်ဒဏ် (၆) လ ကျခံစေရန်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က/၃၃၇ အမှုနှင့်စပ်လျဉ်း၍ တရားရုံးမှ တရားခံ ထွန်းထွန်းအောင်အား အချုပ်ဖြင့် ဆက်လက် စစ်ဆေးလျက်ရှိကြောင်း။

စာမျက်နှာ ၈ ကော်လံ ၅ သို့

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ Mitsui Company မှ CEO ဖြစ်သူ Mr. Takashi YAMAUCHI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးအုန်းသန်း၊ ဒေါက်တာမောင်မောင်သိမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

❖ ကျောဖုံးမှ

ကန့်သတ်ချက်ရှိပြီး ရာသီဥတုအလိုက် ပြောင်းလဲခြင်းရှိပါကြောင်း။

ရေတစ်စက်တိုင်းအား ထိထိရောက်ရောက်၊ အကျိုးရှိရှိ ရေရှည်အသုံးပြုနိုင်ရေး၊ လူထု၊ သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်၊ စားနပ်ရိက္ခာ၊ စီးပွားရေးနှင့် စက်ရုံ၊ အလုပ်ရုံ၊ ပို့ဆောင်ရေး စသည့်ကဏ္ဍများတွင် ရေကိုမျှတစွာ ခွဲဝေသုံးစွဲရေးနှင့် ပတ်သက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ တည်ထောင်ခဲ့သည့် ဇူလိုင်လမှစတင်၍ အကောင်အထည်ဖော်ခဲ့ရာ အောင်မြင်မှုအချို့ ရရှိပြီးဖြစ်ပါကြောင်း။

စိန်ခေါ်မှုများစွာအား ရင်ဆိုင်ရင်းဖြင့် မြန်မာနိုင်ငံအတွက်သင့်လျော်မည့် လမ်းကြောင်းနှစ်သွယ်ချဉ်းကပ်မှုစနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ ပထမလမ်းကြောင်းမှာ ပေါ်လစီနှင့် နည်းဗျူဟာများဖြစ်ပြီး မြန်မာ့ရေကဏ္ဍ၌ အသစ်ပေါ်ထွက်လာမည့် ရေအုပ်ချုပ်စီမံမှုများအား အထောက်အကူပြုမည့် အမျိုးသားအဆင့် ရေမူဝါဒ၊ ရေဥပဒေနှင့် အခြားရေနှင့် ဆက်စပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများ ပါဝင်ပါကြောင်း။

ဒုတိယလမ်းကြောင်းမှာ လုပ်ငန်းစဉ်များနှင့် စတင်ဆောင်ရွက်သည့်အဆင့်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ သန်း ၁၀၀ လုပ်ငန်းစီမံချက်နှင့် နယ်သာလန်ရေအရင်းအမြစ်များ ဘက်စုံစီမံခန့်ခွဲမှု နည်းဗျူဟာ လေ့လာရေးအဖွဲ့တို့၏ စီမံချက်များ ပါဝင်ပါကြောင်း၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေစီမံခြင်း၊ အခပေးရေစနစ်အား တိုင်ပင်ဆွေးနွေးခြင်း၊ အမျိုးသားမြေအောက်ရေသုံးစွဲမှုခွဲဝေလျာထားခြင်း၊ မိုးရေသိုလှောင်ထိန်းသိမ်းခြင်း၊ ဆည်မြောင်းနှင့် ရေစီမံခြင်း၊ မြစ်ဝှမ်းအဖွဲ့အစည်းများ တည်ထောင်ခြင်းနှင့် ရေအရင်းအမြစ်များ ဘက်စုံစီမံခန့်ခွဲမှုတွင် အမျိုးသမီးထုပါဝင်ခြင်းတို့ ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းကြောင်းနှစ်သွယ်အား ပြည်တွင်းပြည်ပပံ့ပိုးကူညီမှုများဖြင့် တစ်ပြိုင်နက်တည်း လုပ်ဆောင်လျက်ရှိကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို ဟန်ချက်ညီညီ ထိန်းညှိပေးမည့် မူဝါဒတစ်ရပ်ကို ချမှတ်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့အနေဖြင့် ကောင်းစွာ ကြိုးပမ်းဆောင်ရွက်နေခြင်းကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၏ သင်ခန်းစာများကို လေ့လာ၍ အားသာချက်/အားနည်းချက်များကို လေ့လာသုံးသပ် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေပြီးမှ ရရှိလာမည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမျိုးကို မိမိတို့မလိုလားပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်ရန် စီးပွားရေးတိုးတက်မှု၊ လူမှုရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု ဟန်ချက်ညီ ပေါင်းစပ်ပေးရမည်ဖြစ်ပါကြောင်း၊ ရေဖူလုံမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို မြှင့်တင်ပေးနိုင်မည့် ရေဆိုင်ရာ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံရေး တည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုရေးသဟဇာတဖြစ်မှုတို့ ဟန်ချက်ညီ ဖြစ်ထွန်းစေရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နယ်သာလန်နိုင်ငံ အခြေခံ အဆောက်အအုံနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Ms. M.H. Schultz Van Haegen-Maas Geesteranus က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လှပသော၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာကြီးမားသော မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ခွင့်ရရှိပြီး ယခုလို ရေအရင်းအမြစ်ဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ မိမိတို့အနေဖြင့် Public Private Partnership ကို အခြေခံကာ အကောင်းဆုံးဖြစ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်ပြည့်စုံသော အခြေခံကောင်းများကို ဖော်ဆောင်ပေးသွားစေနိုင်ရန် ယခုကဲ့သို့ ပူးပေါင်း ဆောင်ရွက်သွားရခြင်းအပေါ် မိမိအနေဖြင့် လွန်စွာဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် နယ်သာလန်နိုင်ငံ အခြေခံ အဆောက်အအုံနှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးတို့က အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❂ ရန်ကုန်တိုင်းဒေသကြီးမှ

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တောင်ပိုင်းခရိုင် ဘိုးဘကျေးရွာအုပ်စုမှ တောင်သူ ငါးဦး၊ မြကိုင်ကျေးရွာအုပ်စုမှ တောင်သူ လေးဦး၊ ကော့မှူးမြို့နယ် ဆားတိုင်ပွတ်ကျေးရွာအုပ်စုမှ တောင်သူ ငါးဦးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဆင်ခြံကျေးရွာအုပ်စုမှ တောင်သူ ၂၅ ဦးတို့ကိုယ်စား ကိုယ်စားလှယ်များထံ ပြန်လည်စွန့်လွှတ်သည့် မြေများအား မူလပိုင်ရှင်များထံသို့ ယာယီလုပ်ကိုင်ခွင့်လက်မှတ်ပုံစံ(၃)ဖြင့် လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အင်းတရာကျေးရွာအုပ်စုမှ တောင်သူ နှစ်ဦး၊ တော်ခရမ်းကျေးရွာအုပ်စုမှ တောင်သူ ရှစ်ဦး၊ ချောင်းသုံးခွကျေးရွာမှ တောင်သူ ၁၈ ဦးနှင့် မင်းရဲကျော်စွာရပ်ကွက်မှ တောင်သူ နှစ်ဦးတို့ ကိုယ်စား ကိုယ်စားလှယ်များထံ ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလပိုင်ရှင်များထံသို့ ယာယီလုပ်ကိုင်ခွင့်လက်မှတ်ပုံစံ(၃)ဖြင့် လွှဲပြောင်းပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်မှ တောင်သူ ကိုးဦးထံ မြေ ၆၄ ဒသမ ၀၀ ဧက၊ ကော့မှူးမြို့နယ်မှ တောင်သူ ငါးဦးထံ မြေ ၁၂၅ ဒသမ ၀၄ ဧက၊ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်မှ တောင်သူ ၅၅ ဦးထံ မြေ ၄၄၂ ဒသမ ၁၉ ဧက စုစုပေါင်းတောင်သူ ၆၉ ဦးထံ မြေ ၆၃၁ ဒသမ ၂၃ ဧကအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် မြေလက်ခံရရှိသည့် မူလပိုင်ရှင်များကိုယ်စား ရန်ကုန်တောင်ပိုင်းခရိုင် ဘိုးဘကျေးရွာမှ တောင်သူ ဦးလှသိန်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ဆင်ခြံကျေးရွာမှ တောင်သူ ဦးကျော်ဆန်းဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ **(သတင်းစဉ်)**

✳ စာမျက်နှာ ၇ မှ

ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄-က/၃၇၇ အမှုနှင့်စပ်လျဉ်း၍ တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးလျက်ရှိရာ ဦးကျော်မြင့်က သေဆုံးသူ၏ အစ်ကိုအရင်း နှစ်နာသူအနေဖြင့် အမှုအားရုပ်သိမ်းခွင့်ပြုရန် တရားရုံးသို့ တင်ပြခဲ့ပါကြောင်း၊ သေဆုံးသူ၏ အစ်ကိုအရင်းဖြစ်သူ မြင်းခြံမြို့ အမှတ် (၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၏ ထွက်ဆိုချက်အရ ဒေါ်ပြုံး(ခ) ဒေါ်အုန်းကြည်တွင် သမီးများရှိကြောင်း ပေါ်ပေါက်သဖြင့် မြင်းခြံမြို့နယ်ဥပဒေရုံးမှ အမှုရုပ်သိမ်းရန် လျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ အမှုကို ဆက်လက်စစ်ဆေးလျက်ရှိပါကြောင်း။

မြင်းခြံမြို့နယ် [illegible] မြင်းခြံမြို့နယ် [illegible] စစ်ဆေး [illegible] မှန်မှန်ကန်ကန် [illegible] ဒေါ်ပြုံး(ခ)ဒေါ်အုန်းကြည်၏ [illegible] လျှောက် [illegible]

ထို့ပြင် ယင်းတရားခံအပေါ် မြင်းခြံမြို့နယ်တရားရုံးတွင် ပြစ်မှုကြီးအမှတ် (၂၄၃/၂၀၁၄)၊ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ နှင့် ပြစ်မှုကြီးအမှတ် (၂၄၂/၂၀၁၄)၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ တို့အရ ပြစ်ဒဏ်များ အသီးသီး ချမှတ်ပြီးဖြစ်ပါကြောင်း၊ ဦးကျော်မြင့်အနေဖြင့် အမှုကိုရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားမှုသည် သေဆုံးသူ၏ အစ်ကိုအရင်း နှစ်နာသူအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ရာ မရိုးဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိ၍ ၎င်းအပေါ် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ရန် အကြောင်းမပေါ်ပေါက်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"ဖားကန့်မြို့နယ်တွင် တရားမဝင် ကျောက်များ ခိုးတူးထုတ်လုပ်နေမှုများကြောင့် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ နစ်နာဆုံးရှုံးမှု များစွာဖြစ်ပေါ်နေ၍ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က စွန့်ပစ်မြေစာများတွင် ကျောက်စိမ်းရိုင်းအချို့ ရောနှောပါရှိခဲ့သဖြင့် ရှာဖွေတွေ့ရှိသူများက ကောက်ယူရောင်းချရာမှ ထိုသို့စွန့်ပစ်မြေစာပါ ကျောက်စိမ်းရိုင်းများကိုရှာဖွေသည့် လူအုပ်စုတစ်စု ပေါ်ပေါက်ခဲ့ပါကြောင်း၊ ၎င်းလူအုပ်စုကို တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူ (ရေမဆေး)များအဖြစ် အမည်တွင်လာခဲ့ပါကြောင်း။

တရားမဝင်ကျောက်စိမ်းရိုင်းရှာဖွေသူများသည် မြေစာပုံများတွင် ကျောက်စိမ်းရိုင်းရှာဖွေသည့် လုပ်ငန်းကိုသာမက အခြားအဖျက်အမှောင့် လုပ်ငန်းများကိုပါ ဆောင်ရွက်လာကြပါကြောင်း၊ တရားမဝင် ကျောက်စိမ်းရိုင်း ရှာဖွေသူများက ထိုသို့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် လိုအပ်သလို တားဆီးထိန်းချုပ်ပေးနိုင်ရန် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် နယ်မြေလုံခြုံရေးရယူထားသော တပ်ဌာနချုပ်များသို့ အခါအားလျော်စွာ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း။

တရားဥပဒေစိုးမိုးရေးရှိစေရန်အတွက် လုံးခင်း၊ ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းအဖွဲ့အနေဖြင့် ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် ရေမဆေးကျောက်တူးသမားများ ပိုမိုများပြားလာမှုကို အုပ်ချုပ်ရေးနှင့်လုံခြုံရေးအဖွဲ့အစည်းများက ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးအတွက် လိုအပ်သည့်ဆွေးနွေးမှုများ၊ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပြီး ယင်းတွေ့ရှိချက်များအပေါ် သုံးသပ်ချက်များဖြင့် နည်းလမ်းများချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင် ကျောက်များ ခိုးယူထုတ်လုပ်နေသူများအား တားဆီးနိုင်ရန်နှင့် ကျောက်ခိုးတူးထုတ်လုပ်နေသူများ ထပ်မံမဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်ဟန့်တားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဖားကန့်မြို့နယ်တွင် နယ်မြေဒေသများ ငြိမ်းချမ်းစပြုလာပြီဖြစ်သည့်အတွက် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ပြန်လည်စတင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်ရရှိသည့်အခါမှသာ သတ္တုတွင်းဝန်ကြီးဌာနမှ လိုက်နာဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ကျောက်စိမ်းလုပ်ကွက်များ တူးဖော်ခြင်းအား ၂၀၁၂ ခုနှစ်မှ ယနေ့အထိ နှစ်နှစ်ခန့်ရပ်နားထားရသဖြင့် လုပ်ငန်းများပြန်လည်စတင်ချိန်တွင် လုပ်ကွက်သက်တမ်းတိုးမြှင့်ခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာ၌ လုပ်ငန်းများရပ်နားထားခဲ့သည့် အချိန်ကာလများအား ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီး လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ၂၀၁၂ ခုနှစ် မေ ၃၁ ရက်မှရပ်နားခဲ့သဖြင့် ရပ်နားခဲ့ရသော ကာလအတွက် သက်တမ်းတိုးမြှင့်ခြင်းကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီမှ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် နယ်မြေခံရဲတပ်ဖွဲ့၊ ရဲတပ်ရင်း(၂)ရင်းနှင့် နယ်မြေခံခြေလျင်တပ်ရင်းများ၊ ဖားကန့်မြို့နယ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့များ ပူးပေါင်း၍ တရားမဝင်ရေမဆေးကျောက်ရှာဖွေသူများအား စုံစမ်းရှာဖွေ ဖမ်းဆီးလျက်ရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ဇွန် ၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီဖော်ဆောင်မှုအတွက် အခြေခံကျသည့် အယူအဆသုံးရပ်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တညီတညွတ်တည်း လိုက်ပါလုပ်ဆောင်

နေပြည်တော် ဇွန် ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (KNU) ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး (KNU) ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်အတူ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် စောရော်ဂျာခင်၊ ပဒိုမန်းငြိမ်းမောင်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးအဆင့်ရှိ စောဂျော်နီ၊ KNU ဥက္ကဋ္ဌ၏ နိုင်ငံရေးနှင့် စစ်ရေးအကြံပေး စောတူးတူးလေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများတွင် တိုးတက်သည့် သဘောတူညီမှုများ ရရှိသည်ကို တွေ့ရှိရပါကြောင်း၊ တပ်မတော်အနေဖြင့် လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ အောင်မြင်သည်အထိ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားပါကြောင်း၊ **မိမိတို့နိုင်ငံ ဒီမိုကရေစီဖော်ဆောင်မှုအတွက် အခြေခံကျသည့် အယူအဆသုံးရပ်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တညီတညွတ်တည်း လိုက်ပါလုပ်ဆောင်ရန်လိုကြောင်း၊** တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့တွင် တပ်မတော်အနေဖြင့် အပြည့်အဝပါဝင်ဆောင်ရွက်နေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း တပ်မတော်တွင်ရှိသည့် စွမ်းအားများဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်ရာတွင်လည်း မည်သူမျှမကျန်ဘဲ တစ်နိုင်ငံလုံး ပါဝင်စေလိုသည့်စိတ် တပ်မတော်တွင် အပြည့်အဝရှိပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကိုအခြေခံပြီး နားလည်မှု၊ စိတ်ရှည်သည်းခံခွင့်လွှတ်မှုများနှင့် ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အတွက် လွန်စွာအဖိုးတန်သည့် ရလဒ်ကောင်းများ ရရှိစေမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးကလည်း မိမိတို့အနေဖြင့် ရည်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်းရေး ရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်ဦးနှင့် တစ်ဦး အနိုင်ယူအမြတ်ထုတ်ရန် မရှိဘဲ ရိုးရိုးသားသားဖြင့် ငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများတွင် အမြင်မတူသည်များကို သဘောထားကြီးကြီး စိတ်ရှည်ရှည်ဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်ဦးနှစ်ဖက် ဆွေးနွေးရာတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် ရိုးသားမှုနှင့် သစ္စာရှိမှုကို အခြေခံပြီး ယုံကြည်မှုတည်ဆောက်ရန်၊ လွတ်လပ်ရေးဆုံးရှုံးမှုကို ရင်းနှီးပေးဆပ်မှုများစွာဖြင့် ပြန်လည်ရယူခဲ့သော နိုင်ငံဖြစ်၍ အမျိုးသားရေးခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်၊ တပ်မတော်က အမျိုးသားနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများ၊ အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးမူဘောင်အရဆွေးနွေးရေး၊ တပ်နေရာချထားရေးတွင် လက်ငင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ၊ နှစ်ဦးနှစ်ဖက် မကြာခဏ ထိတွေ့ဆက်ဆံဆွေးနွေးခြင်း၊ အောက်ခြေအဆင့် ဖြစ်စဉ်ဖြစ်ရပ်များအား ညှိနှိုင်းဖြေရှင်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ လူဦးရေ အနည်းငယ်သာရှိသော တိုင်းရင်းသားမှအစ လူဦးရေများစွာရှိသော တိုင်းရင်းသားများအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးသည် တူညီသောအခွင့်အရေးများ ဥပဒေနှင့်အညီ ခံစားခွင့်ရရှိရေး၊ အခြေခံအယူအဆသုံးရပ်ပေါ်တွင် မူတည်၍ လိုအပ်သည့်နေရာများတွင် ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ရေးနှင့် ငြိမ်းချမ်းရေးကို မဖြစ်မနေအောင်မြင်မှုရရှိသည်အထိ နှစ်ဦးနှစ်ဖက် သန္နိဋ္ဌာန်စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (KNU) ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး **(အပေါ်ဝဲပုံ)** အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❐ မြစ်ရေတင်မှ

ဒေသခံပြည်သူများနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ ရန်ပုံငွေတို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် မိုးရာသီက ဧက ၅၀၀ ကျော်ရေပေးဝေနိုင်ခဲ့သဖြင့် အခြားသီးနှံများကိုလည်း ရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ထိုနည်းတူ အပူပိုင်းမိုးနည်းရပ်ဝန်းဖြစ်သော မုံရွာခရိုင် အရာတော်မြို့နယ်တွင် မကျည်းစောက်(ခေါ်) အရာတော်(၂) မြစ်ရေတင်လုပ်ငန်း ရေပေးအဆောက်အအုံနှင့် မြောင်းများကိုပြန်လည်ပြင်ဆင်တည်ဆောက်စေပြီး နွေစပါးနှင့် အခြားသီးနှံများကို ရေပေးဝေစိုက်ပျိုးခဲ့ရာ ထိုဒေသတွင် ယခင်က ဧက ၂၀ ခန့်သာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ နွေစပါး ဧက ၂၄၀၊ နွေနှမ်း ဧက ၄၀၊ မိုးကြို ပဲတီစိမ်း ၁၁၁ ဧကနှင့် မိုးကြိုချည်မျှင်ရှည်ဝါ ခြောက်ဧက စုစုပေါင်း ၃၉၇ ဧကစိုက်ပျိုးခဲ့ကြောင်း၊ ဆက်လက်၍ နွေစပါး ဧက ၁၀၀၀ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်ရှိ ပျော့ရွာမြစ်ရေတင်လုပ်ငန်းမှ ယခုနှစ်တွင် နွေစပါးဧက ၄၀၀ စိုက်ပျိုးရန် ရည်မှန်း၍ သိပ္ပံနည်းကျစိုက်နည်းစနစ်များ ကျင့်သုံးလျက် ၃၄၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ပျော့ရွာမြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေကို ရယူကာ ကံဖျားကျေးရွာအုပ်စုတွင် ယခင်နှစ်က ပဲတီစိမ်းဧက ၁၀၀ စမ်းသပ်စိုက်ပျိုးခဲ့ရာမှ အောင်မြင်ဖြစ်ထွန်းမှုများကြောင့် ယခုနှစ်တွင် တိုးတက်၍ ဧက ၂၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ အဆိုပါပျော့ရွာမြစ်ရေတင်ဒေသတွင် မိုးကြိုပဲတီစိမ်းကို ဧက ၂၅၀ စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်ကာ ဈေးကောင်းများ ရရှိလျက်ရှိပြီး ကံဖျားဒေသအနေဖြင့် ပျော့ရွာမြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေရယူလျက် ယခင်နှစ်က ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်း၊ ဂျုံစသည့် တစ်နှစ်လုံး သီးစားသီးထပ်ပုံစံဖြင့် ဧက ၁၀၀ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဧက ၂၀၀ ထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ဒီဇယ်မြစ်ရေတင် စက်ရုံ တစ်ရုံ၊ စပါးခွံလောင်စာဓာတ်ငွေ့သုံး အင်ဂျင်စက်ရုံလေးရုံနှင့် လျှပ်စစ်မြစ်ရေတင် စက်ရုံ ၁၇ ရုံ စုစုပေါင်း ၂၂ ရုံရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

● ဗိုလ်မင်းရောင်မှ

ထုတ်ပြန်ပေးမည်ဖြစ်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၆-၂၀၁၄ (ကြာသပတေးနေ့)
(၁၃၇၆ ခုနှစ်၊ နယုန်လဆန်း (၈)ရက်၊ ဥပုသ်နေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
၁း၄၀	သုခုမရင်ခွင်အငြိမ့်သဘင် "မန္တလေးစတားအငြိမ့်" (မင်းသမီး-တွယ်တာတုံ၊ လူရွှင်တော်-ချစ်စရာ၊ ထင်ပေါ်၊ ပေါစိန်) (ဒါရိုက်တာ-ဘုန်းမြင့်အောင်)
၄း၁၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
၈း၃၅	မျက်မှောက်ရေးရာအဖြာဖြာ
၉း၀၀	ပြည်တွင်းသတင်း -ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ

မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး H.E. Mr. Alex G. Chua အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Edgardo Y.De Leon နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဆေးပညာရပ်နှင့် ဘာသာစကားများ အပြန်အလှန်စေလွှတ်သင်ကြားနိုင်ရေး၊ အရာရှိငယ်များနှင့် အားကစားအဖွဲ့များ ချစ်ကြည်ရေးခရီးစေလွှတ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြန်မာ – တရုတ် နယ်နိမိတ်ရှိ မရှင်းလင်းသည့် နေရာများအား ပူးတွဲတိုင်းတာစစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ နယ်နိမိတ်မှတ်တိုင် S 78-1 နှင့် S 79 အကြားနှင့် နမ့်ခမ်းမြို့ရှိ S 62-1 နှင့် S 63 အကြား နယ်နိမိတ်သွယ်တန်းမှုမရှင်းလင်းသည့် နေရာများသို့ နှစ်ဖက်ပူးတွဲကွင်းဆင်းအဖွဲ့များသည် ၂၀၁၄ ခုနှစ် မေလ ၂၇ ရက်မှ ၃၁ ရက်နေ့အထိ တိုင်းတာစစ်ဆေးခဲ့ပါသည်။

ယင်းကဲ့သို့ ပူးတွဲစစ်ဆေးတိုင်းတာရာတွင် နှစ်နိုင်ငံ ၁၉၆၀ ပြည့်နှစ်က ချုပ်ဆိုထားသည့် နယ်နိမိတ်စာချုပ်၊ ၁၉၉၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် ဒုတိယအကြိမ် နယ်နိမိတ်ပူးတွဲစစ်ဆေးရေး အခြေပြစာချုပ်နှင့် မြေပုံများကို အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

နယ်နိမိတ်စာချုပ်နှင့် မြေပုံများတွင်ပါရှိသည့် နယ်နိမိတ်မျဉ်းကို အခြေခံ၍ နယ်နိမိတ်အား နှစ်ဖက်ပြန်လည်ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး နယ်နိမိတ်တိုင်းတာခြင်းကို ပြန်လည်ပြုလုပ်ခဲ့ခြင်းမဟုတ်ပါ။ ယင်းသို့ ဖော်ဆောင်ခဲ့သည့် နယ်နိမိတ်မျဉ်းပေါ်တွင် S 78- 1 နှင့် S 79 အကြား၌ မြေတိုင်းအမှတ်အသား သစ်သားမှတ်တိုင် ၂၉ တိုင်၊ S 62-1 နှင့် S 63 အကြား ၃၃ တိုင် စိုက်ထူခဲ့ပါသည်။

ယင်းကဲ့သို့ စိုက်ထူရခြင်းမှာလည်း နှစ်ဖက်ဒေသခံများအကြား နယ်နိမိတ်မျဉ်းယေဘုယျသွယ်တန်းမှုကို သိရှိစေရန်နှင့် ဒေသအာဏာပိုင်များအနေဖြင့် လိုအပ်သည့် စီမံခန့်ခွဲရေးကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက်ဖြစ်ပါသည်။

နှစ်နိုင်ငံအကြားချုပ်ဆိုခဲ့သည့် နယ်နိမိတ်စာချုပ်နှင့် မြေပုံများသည် ၁၉၆၀ ပြည့်နှစ်တွင်ဖြစ်ပြီး ဒုတိယအကြိမ် ပူးတွဲစစ်ဆေးခဲ့ခြင်းမှာလည်း ၁၉၉၃ ခုနှစ်တွင်ဖြစ်သဖြင့် နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါသည်။ ထို့ကြောင့် ယခင်ရွှေလီမြစ်ထဲရှိ နယ်နိမိတ်မျဉ်းသည် ယခုအခါ ကုန်းမြေဖြစ်နေသဖြင့် နှစ်ဖက်ဒေသခံများအနေဖြင့် နယ်နိမိတ်သွယ်တန်းမှုကို ရှင်းလင်းစွာ မသိရှိဘဲ နယ်နိမိတ်မျဉ်းအား ကျော်လွန်၍ စိုက်ပျိုးမှုများရှိနေပါသည်။ ယင်းကိစ္စရပ်များကို သဘောပေါက်နားလည်အောင် အသိပညာပေးမှုများပြုလုပ်၍ နှစ်ဖက်ဒေသအာဏာပိုင်များမှ ပြေလည်စွာ ညှိနှိုင်းဖြေရှင်းသွားရန်ရှိပါသည်။

နယ်နိမိတ်အားကျော်လွန်၍ နှစ်ဖက်စလုံးမှ စိုက်ပျိုးမှုများကို မပြုလုပ်ရန် နှစ်ဖက်ဒေသအာဏာပိုင်များအနေဖြင့် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန်ရှိပါသည်။

ယခုကဲ့သို့ နှစ်ဖက်ပူးတွဲတိုင်းတာစစ်ဆေးခဲ့ခြင်းသည် နှစ်ဖက်ဒေသခံများနှင့်အာဏာပိုင်များအကြား အငြင်းပွားမှုများ၊ သဘောထားကွဲလွဲမှုများ မဖြစ်ပေါ်စေရန် မူလတိုင်းတာပြီး နယ်နိမိတ်မျဉ်းကြောင်းပေါ်တွင် မြေတိုင်းအမှတ်အသားများကို ယာယီစိုက်ထူခဲ့ခြင်းဖြစ်ပြီး ယင်းမှတ်တိုင်များ၏ တည်နေရာအား ပူးတွဲမှတ်တမ်းထားရှိပါသည်။

စိုက်ထူပြီး နယ်နိမိတ်မှတ်တိုင်များ တစ်တိုင်နှင့်တစ်တိုင် ကွာဝေးသည့်နေရာကြားတွင် ထပ်တိုးမှတ်တိုင်များ စိုက်ထူရန်ကိစ္စကို နှစ်နိုင်ငံဗဟိုအစိုးရများအကြား ပူးတွဲဖွဲ့စည်းထားသည့် ကော်မတီအဆင့်တွင် ညှိနှိုင်းပြီးမှ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ ထပ်တိုးမှတ်တိုင်များစိုက်ထူရန်ကိစ္စကို တတိယအကြိမ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်များ ပူးတွဲစစ်ဆေးသည့်အခါမှသာ အပြီးသတ်အတည်ပြုချက် ရယူဆောင်ရွက်သွားရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဒန်နီရယ်ဂျင်းန်ခေါင်းဆောင်သည့် ကနေဒါ ကိုယ်စားလှယ်အဖွဲ့သည် အဆိုပါဝန်ကြီးရုံး၌ ယနေ့ နံနက် ၉ နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်လုံးချမ်းသာ အောင်မင်္ဂလာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်

နေပြည်တော် ဇွန် ၄

နေပြည်တော် ဇေယျာသီရိမြို့နယ် ရွှေဟောင်းသမိုင်းဝင် ပိုင်းငင်တောင်ခြေရှိ ချောင်းဖျားကျေးရွာ တပ်ဦးဘုန်းတော်ကြီးကျောင်း အရန်မြေအတွင်း တည်ထားပြီးစီးသွားသည့် ပြည်လုံးချမ်းသာ အောင်မင်္ဂလာဆုတောင်းပြည့် စေတီတော်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၃၇ မိနစ်တွင် အဆိုပါစေတီတော်၌ ကျင်းပရာ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ သုဝဏ္ဏဘူမိဇေတဝန်ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်(ဆင်ဖြူကျွန်းရိပ်သာ) ပဓာနနာယကဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘဏ အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် အလှူရှင်များက ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ပြည်လုံးချမ်းသာ အောင်မင်္ဂလာဆုတောင်းပြည့်စေတီတော်မှာ ဉာဏ်တော် ၁၃ တောင်ရှိပြီး မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပုတီးတန်းရပ်နေ (ဦးဘကြွယ်)-ဒေါ်အမာနှင့် သားသမီး၊ မြေးများက တည်ထားလှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

အေးသန်း(လူထုဆက်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇွန် ၄

ဇွန် ၄ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၀ မိနစ် ၅၆ စက္ကန့်တွင် မန္တလေးလျှင်စခန်းမှ အနောက်-အနောက်မြောက်ဘက် မိုင် ၁၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း ဟားခါးမြို့၏ အနောက်တောင်ဘက် ၁၅ မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သက်တမ်းအလိုက် ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ရေကူးအဖွဲ့ စင်ကာပူနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၄

ယခုနှစ် ဇွန် ၆ ရက်မှ ၈ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် 38th South East Asian (SEA) Age Group Swimming Championships 2014 သက်တန်းအလိုက် ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် နည်းပြဆရာ Mr. Nakayama Kazushi ခေါင်းဆောင်သော မြန်မာရေကူးအဖွဲ့သည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် Golden Myanmar လေကြောင်းလိုင်းဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာရေကူးအဖွဲ့တွင် လူငယ်လက်ရွေးစင်များဖြစ်ကြသော အံ့ခေါင်ထွန်း၊ ဆုမိုးသိမ့်စံနှင့် ခန့်ခန့်စုစံတို့ လိုက်ပါသွားသည်။ မြန်မာလူငယ်လက်ရွေးစင် ရေကူးအားကစားသမားများ နိုင်ငံတကာရေကူးပြိုင်ပွဲ အတွေ့အကြုံရရှိနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **(ကြေးမုံ)**

ကိုယ်ဝန်ဆောင်မိခင်များ လိုက်နာရန်

- ကိုယ်ဝန်ရှိကြောင်း သိလျှင်သိချင်း ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်၊ ဆရာမများနှင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူပါ။
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို အနည်းဆုံး(၄)ကြိမ်ခံယူပါ။

(ကျန်းမာရေးဝန်ကြီးဌာန)

ဆန်အိတ်များ တင်ဆောင်လာသော ၂၂ ဘီးယာဉ် အရှိန်လွန်တိမ်းမှောက်

ရေတာရှည် ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြောက်နန်ချွန်ကျေးရွာအနီး၌ ဇွန် ၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဖြင့် ပခုက္ကူမြို့သို့ ပို့ဆောင်ရန် ဆန်အိတ် ၆၅၀ တင်ဆောင်လာသော ၂၂ ဘီး ကုန်တင်ယာဉ်မှာ ရေတာရှည်မြို့တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၈၈/၄) အနီးတွင် အရှိန်လွန်တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းရလျှင်ရချင်း ရေတာရှည်မြို့မရဲစခန်းမှ စခန်းမှူး၊ ဒုရဲမှူးကျော်ဇေယျ ဦးစီးရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်မှမြောက်သို့ ယာဉ်မောင်း ဇော်လင်းအောင်(၂၆)နှစ် သီရိမင်္ဂလာ(၂)လမ်း အုတ်ဖိုမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝေလင်းအောင်(၁၈)နှစ် ညောင်းဦးမြို့နေသူတို့ လိုက်ပါလာသည့် CHENG LONG ၂၂ ဘီး ၄ယ/--- ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းအရှေ့ဘက်သို့ ထိုးကျသွားကာ လျှပ်စစ်ဓာတ်တိုင်ကို ဝင်တိုက်ပြီးနောက် တိမ်းမှောက်သွားခဲ့သဖြင့် ကားလမ်းအရှေ့ဘက်ရှိ ဈေးဆိုင်ရှေ့၌ ရပ်တန့်ထားသည့် ဆိုင်ကယ် တစ်စီး၊ စက်ဘီးနှစ်စီးတို့ကို ပိမိ၍ ပျက်စီးသွားခဲ့သည်။ "နေ့ခင်းနေပူတော့ တန်းလျားမှာ အိပ်ပျော်နေတာ၊ ဝုန်းဆိုတဲ့ အသံကြီးကြားမှ လန့်နိုးလို့ ကြည့်လိုက်တော့ ကားကြီးက ပက်လက်လန်နေတာကို တွေ့ရတာ" ဟု ဈေးဆိုင်ရှင် အမျိုးသမီးက ပြောပြသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းတွင် ယာဘက်နားထင် ညိုမည်းဒဏ်ရာတစ်ချက်နှင့် ယာဘက်ခြေမ ပေါက်ပြဲဒဏ်ရာ အနည်းငယ်ရရှိပြီး ယာဉ်နောက်လိုက်တွင် ကျောပြင်တစ်ခုလုံး ရေနွေးပူလောင်သည့် ဒဏ်ရာ၊ ယာဘက်ခြေတစ်ချောင်းလုံး စုတ်ပြဲဒဏ်ရာများ ရရှိခဲ့သည်။ "ကျွန်တော်မောင်းလာတာ အရှိန်မများဘူး၊ နောက်က ဒုန်းဆိုတဲ့ အသံကြားလို့ ဘရိတ်ဆွဲအုပ်လိုက်တာ နောက်တွဲဝိတ်နဲ့ဆိုတော့ ဘေးကို တွန်းချသွားတာ"ဟု ယာဉ်မောင်း ဇော်လင်းအောင်က ရှင်းပြသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအစား	
၁။	လက်တွန်းမြက်ဖြတ်စက်	(၁) လုံး
၂။	လေအေးပေးစက်(Split Type) 1,½ HP	(၁) လုံး
၃။	Fax A4 (Paper)	(၁) လုံး
၄။	မိတ္တူကူးစက် A3	(၁) လုံး

၂။ အိတ်ဖွင့်တင်ဒါများကို ၆-၆-၂၀၁၄ရက်မှ ၁၇-၆-၂၀၁၄ရက်ထိ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ စကားပြောကြေးနန်း အမှတ်-၀၁-၆၆၁၃၅၃၊ ၀၁-၆၆၅၈၀၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်ကြင်းလမ်းမ၊ မြေကွက်အမှတ်-၃၃၄(က)၊ ဧရိယာ ပေ(၂၀×၆၀)ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ(၂)ထပ်တိုက်အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ဦးမာမက်သီးထံမှ ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာသူ ဒေါ်ခင်မျိုးမြင့်[၁၂/အစန(နိုင်)၀၀၅၂၈၂]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခိုင်မဥ္ဇူက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ပိုင်ရေးဆိုင်ခွင့်ရှိသူများက အကျိုးခံစားခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုသူတို့သည် ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်မာစွာဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ဇော် B.Sc,H.**G.P, I L.L.B** ဒေါ်အိအိဖြူ **LL.B, WIPO(Switzerland)**

(ရှေ့နေနှင့်ဥပဒေအကြံပေး)

ဘ/၃၅၊ (ပ)ဝင်း၊ မင်္ဂလာဆိုင်(အပေါ်ထပ်)အောင်မင်္ဂလာအဝေးပြေး၊ မင်္ဂလာဒုံမြို့နယ်
ရုံးအမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၃၁၈၆၇၅၉၆၊၀၉-၂၅၅၇၉၀၂၈၉၊ ၀၉-၇၃၀၇၆၄၅၉

Certificate of Hair Design
- Basic Hair Cutting
- Basic Hair Perming
- Basic Hair Coloring
- Health & Safety
- Basic Barbering
- Basic Hair Styling
- Beauty Illustration
- Hair Science

Certificate of Beauty Therapy
- Basic Facial Treatment
- Basic Body Treatment
- Anatomy & Physiology
- Health & Safety
- Electrical Facial Treatment
- Hair Depilation
- Foot Reflexology
- Dermatology

Early Bird 22% OFF
JULY INTAKE

STI MYANMAR UNIVERSITY
www.stiedu.net

SEO KYEONG UNIVERSITY
www.skuniv.ac.kr

Certificate of Make-up
- Basic Make-up
- Advanced Make-up
- Art Make-up
- Make-up Illustration

NEW CAMPUS:
Building-10, MICT Park
Hlaing Campus, Yangon.
TEL: 377988, 507151/52
09250064451, 0931702299
09420254872

အထက ၄(အလုံ)တွင် နှစ်ချိန်ကျောင်းမှ တစ်ချိန်ကျောင်းအဖြစ် ပြောင်းလဲ

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းတက်ချိန်ကို နှစ်ချိန်ကျောင်းမှ တစ်ချိန်ကျောင်းအဖြစ် ပြောင်းလဲကျင့်သုံးဆောင်ရွက်နေကြောင်း ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူမိဘများထံမှ သိရသည်။

ယခင်ပညာသင်နှစ်က တစ်ရက်လျှင် နှစ်ပိုင်းပိုင်း၍ နံနက်ပိုင်းအတန်းများနှင့် ညနေပိုင်းအတန်းများခွဲကာ နှစ်ချိန်ကျောင်းအဖြစ် သင်ကြားလျက်ရှိရာမှ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်ကာ တစ်ချိန်ကျောင်းအဖြစ် ပြောင်းလဲပြီး ကျောင်းချိန်ကို နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ သတ်မှတ်ထားကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က အထက်တန်းနှင့် အလယ်တန်းတို့တွင် အဋ္ဌမတန်းတို့အပါအဝင် ကျောင်းသားကျောင်းသူများကို နံနက်ပိုင်းကျောင်းတက်ချိန်သတ်မှတ်ပြီး မူလတန်းနှင့် အလယ်တန်း သတ္တမတန်းအထိ ကျောင်းသားကျောင်းသူများကို ညနေပိုင်းကျောင်းတက်ချိန်အဖြစ် သတ်မှတ်သင်ကြားခဲ့ရာမှ ယခုနှစ်တွင် တစ်ချိန်ကျောင်းအဖြစ် တပေါင်းတစည်းတည်း ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။ **(အပေါ်ပုံ)** **(၆၈၀)**

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းစုံစမ်းရေးကော်မရှင်အဖွဲ့ဝင် သန်လျင်မြို့သို့ သွားရောက်ဆွေးနွေး

သန်လျင် ဇွန် ၄

"သန်လျင်အမှတ် (၁)ရေနံချက်စက်ရုံမှ သိမ်းဆည်းထားသည့် လယ်မြေများအနေဖြင့် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် မြေများဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်တို့ဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂ ရက် နံနက် ၁၀ နာရီခွဲက လယ်ယာမြေသိမ်းဆည်းခံ လယ်သမားများနှင့်တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းစုံစမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်သိန်းလင်းက ပြောကြားခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းစုံစမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်သိန်းလင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ အမှတ် (၁) ရေနံချက်စက်ရုံ စက်ရုံမှူး ဦးနေလင်း၊ ဒု-စက်ရုံမှူး ဦးကျော်ဒင်၊ ဗိုလ်ချုပ်ကျေးရွာနှင့် မြို့မတောင်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ လယ်ယာမြေသိမ်းဆည်းခံ ဒေါ်မြမြလှိုင်အပါအဝင် လယ်သမားများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်သိန်းလင်းနှင့် အဖွဲ့သည် ဗိုလ်ချုပ်ကျေးရွာနှင့် မြို့မတောင်ရပ်ကွက်အတွင်းရှိ သိမ်းဆည်းထားသည့် လယ်ယာမြေများအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တင်မောင်ငွေ(သန်လျင်)

တပ်ပိုင်ပြင်ပစိုက်ပျိုးမြေများအား ပြန်လည်လွှဲပြောင်းပေးအပ်

မြစ်ကြီးနား ဇွန် ၄

တပ်ပိုင်မြေဧရိယာပြင်ပစိုက်ပျိုးမြေများ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ် မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြစ်ကြီးနားတပ်နယ်အတွင်း တပ်ရင်း/တပ်ဖွဲ့များက တပ်ပိုင်ပြင်ပစိုက်ပျိုးမြေ ၁၅၁၈ ဒသမ ၀၅ ဧကအား ကိုယ်စားလှယ်တစ်ဦးက ပေးအပ်ရာ မြို့နယ်မြေအသုံးချမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်တို့က လက်ခံရယူကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မေ ၃၀ ရက်က ပုဗ္ဗန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာ ထောက်ပံ့ပွဲအခမ်းအနားတွင် ဝန်ထမ်းမိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းရီ ဝန်ထမ်းမိသားစုဝင်ကလေးငယ်တစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (ကြေးမုံ)

ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များအား စစ်ဆေး

ပြည် ဇွန် ၄

ပြည်ခရိုင် ပြည်မြို့ ခေတ္တရာအဝေးပြေးဝင်းမှ နေ့စဉ်ထွက်ခွာလျက်ရှိသော ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်များအား ခေတ္တရာအဝေးပြေးဝင်း၊ ခရိုင်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီရုံးရှေ့တွင် မေ ၂၄ ရက်မှစ၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဒေါ်ခင်လှမြင့် ခေါင်းဆောင်၍ စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။**(ဝဲပုံ)** ထိုသို့ စစ်ဆေးရာတွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်အတူ ပြည်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ခရိုင်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံအရာရှိတို့ ပူးပေါင်း၍ စစ်ဆေးလျက်ရှိကြောင်းနှင့် နေ့စဉ် ဆက်လက် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။**(၆၉၉)**

ရောင်းရန်ရှိသည် (ပွဲစားမလို)
- သဃ်န်းကျွန်း၊ ကြီးပွားရေးအိမ်ရာ (မြေညီထပ်)
- ရန်ကင်း၊ ရွှေအုန်းပင်အိမ်ရာ (ပထမထပ်)

ဆက်သွယ်ရန်ဖုန်း-၀၉-၃၁၁၇၉၉၉၉

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ အကူအညီဖြစ်သော JICA ODA LOAN ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဖြစ်သည့် အောက်ဖော်ပြပါ လမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းအား အရည်အချင်းကြိုတင်စစ်ဆေးခြင်းနည်း (Prequalification Method)ဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

စဉ်	လမ်းအမည်	လုပ်ငန်းအမျိုးအစား
၁။	ကြိမ်ပင်ဆည်-စကြော့-ခနုဖြူ-ဇလွန်လမ်း (ဧရာဝတီတိုင်းဒေသကြီး)-(၂၄)မိုင်	ကတ္တရာကွန်ကရစ်လမ်း
၂။	တရနာ-ဘုရားကုန်းလမ်း(မွန်ပြည်နယ်)မိုင်(၃၀)	ကတ္တရာလမ်း

၂။ တင်ဒါအတွက် Prequalification ပုံစံရောင်းချမည့်ရက် - ၅-၆-၂၀၁၄ရက် မှ ၁၃-၆-၂၀၁၄ရက်

၃။ ကုမ္ပဏီ၏အချက်အလက်ပုံစံ တင်ပြရန်ရက် - ၂၃-၆-၂၀၁၄ရက် မှ ၃၀-၆-၂၀၁၄ရက်

၄။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသောကုမ္ပဏီများအတွက်တင်ဒါပုံစံပေးမည့်ရက် - ၂၈-၇-၂၀၁၄ရက် မှ ၃၁-၇-၂၀၁၄ရက်

၅။ တင်ဒါတင်သွင်းရမည့်ရက် - ၁-၉-၂၀၁၄ရက်(တစ်ရက်တည်းသာ)

၆။ တင်ဒါဖွင့်မည့်ရက် -၁၁-၉-၂၀၁၄ရက် မွန်းလွဲ ၁နာရီ

၇။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
လမ်းဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၄၆၈၊ ၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀

စစ်ဘေးဒုက္ခသည်များအားလှူဒါန်းရန် ဖျော်ဖြေပွဲကျင်းပ

မန္တလေး ဇွန် ၄

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် မုန်ဘော်၊ ဝမ်ဆိုင်း၊ မုန်ဂူ၊ လွိုင်ဂျော်ဘွမ်၊ ယိမ်းလှတောင်၊ ဘန်လွမ်ဘွမ်၊ မန့်ဝိန်းလေး၊ မန့်ဝိန်းကြီး၊ နမ့်ခမ်းကျေးရွာများရှိ စစ်ဘေးဒုက္ခသည်စခန်းများတွင် မိုးရာသီရောက်ရှိလာပြီဖြစ်သဖြင့် လတ်တလော နေစရာအခက်အခဲဖြေရှင်းရန်နှင့် အစားအစာများ အရေးပေါ်လိုအပ်လျက်ရှိရာ ပြည်သူလူထုမှ မေတ္တာဖြင့် ပါဝင်လှူဒါန်းနိုင်ရန် လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်းလှုပ်ရှားမှုကွန်ရက်၊ ရွှေသံစဉ်ဂီတဖောင်ဒေးရှင်းနှင့် The Action Times Foundation တို့ ပူးပေါင်းကာ ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် မန္တလေးမြို့ရှိ နာမည်ကြီးလက်ဖက်ရည်ဆိုင်များ၊ ကျောက်မျက်ရတနာဈေး၊ ယာဉ်ရောင်းဝယ်ရေးစခန်း၊ ဈေးချို၊ ရတနာပုံဈေး၊ ကုန်စည်ဒိုင်တို့တွင် တေးသီချင်းများဖြင့်ဖျော်ဖြေ၍ ရရှိသောအလှူငွေများကို ဇွန် ၉ ရက်တွင် ကချင်ပြည်နယ် မန့်ဝိန်းကြီးဒေသရှိ စစ်ဘေးသင့် ဒုက္ခသည်စခန်းသို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်းနှင့်ရွှေသံစဉ်တေးဂီတအဖွဲ့သည် မန္တလေးမြို့မှ မူဆယ်အထိ တေးဂီတများဖြင့် ဖျော်ဖြေ၍ လမ်းခရီးတစ်လျှောက်မြို့များတွင် အလှူခံသွားမည်ဖြစ်ရာ ဇွန် ၅ ရက်တွင် ပြင်ဦးလွင်၊ ဇွန် ၇ ရက်တွင် လားရှိုး၊ ဇွန် ၈ ရက်တွင် မူဆယ်မြို့များတွင် အလှူခံမည်ဖြစ်ပြီး မူဆယ်မြို့နယ်တွင် အသစ်ဖွင့်လှစ်ထားသော စစ်ဘေးသင့်ဒုက္ခသည်စခန်းသို့လည်း ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သီဟကိုကို-မန္တလေး)**

လူမှုအကျိုးပြု လူမှုဖူလုံရေးပညာပေး လမိုက်ညမှာ ကြယ်ကြွေသည် ဇာတ်ကားရိုက်ကူး

ရန်ကုန် ဇွန် ၄

လူမှုအကျိုးပြုလူမှုဖူလုံရေး ပညာပေးဇာတ်ကားဖြစ်သည့် "လမိုက်ညမှာ ကြယ်ကြွေသည်" ဇာတ်ကားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လူမှုဖူလုံရေးအလုပ်သမားဆေးရုံ ထိခိုက်ရှနာဆောင်၌ ရိုက်ကူးလျက်ရှိသည်။

"အခုရိုက်ကူးနေတဲ့ ဇာတ်ကားက လူမှုဖူလုံရေးပညာပေးဇာတ်ကားပါ၊ အဓိကကတော့ ပုဂ္ဂလိကဝန်ထမ်းတွေ၊ အခြေခံ လူတန်းစားတွေအနေနဲ့ တစ်လကိုရာဂဏန်း၊ ထောင်ဂဏန်း အနည်းငယ်သွင်းရုံနဲ့ ကျန်းမာရေးဝန်ဆောင်မှု ဆေးကုသခွင့်ရနိုင်မယ့် အစီအစဉ်လေးပါ။ လူတွေမှာဖြစ်တတ်တဲ့ နှလုံး၊ ကျောက်ကပ်၊ ကင်ဆာစတဲ့ ရောဂါတွေကို ခွဲစိတ်ကုသမယ်ဆိုရင် ငွေကြေးအများကြီး ကုန်ကျမှာဖြစ်ပါတယ်။ ဒီလိုလူမှုဖူလုံရေးအာမခံလုပ်ထားတဲ့အတွက် အဲဒီလို ခွဲစိတ်ကုသတဲ့ ကုန်ကျစရိတ်တွေကို လူမှုဖူလုံရေးက ပြန်ပေးမှာဖြစ်ပါတယ်၊ ဒါလေးတွေကို သိစေချင်တဲ့ရည်ရွယ်ချက်နဲ့ ရိုက်ကူးတာဖြစ်ပါတယ်" ဟု ဒါရိုက်တာ အကယ်ဒမီစင်ရော်မော်မော်က ပြောကြားသည်။

လူမှုအကျိုးပြုပညာပေး " လမိုက်ညမှာ ကြယ်ကြွေသည်" ဇာတ်ကားတွင် ပိုင်ဇေရဲထွန်း၊ စည်သူမောင်၊ မိုးယုစံနှင့် ခင်လပြည့်ဇော်တို့က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

"လူမှုဖူလုံရေးအကျိုးခံစားခွင့်တွေကို လက်ရှိခေတ်နဲ့ လျော်ညီအောင် မြှင့်တင်ထားပါတယ်။ ဆေးဝါးကုသမှုတွေကိုလည်း မြှင့်တင်ပေးဖို့ စီစဉ်နေပါတယ်။ ဒီလိုအခြေအနေတွေကို ဝန်ထမ်းတွေ၊ ပြည်သူတွေသိဖို့ လိုပါတယ်"ဟု လူမှုဖူလုံရေးတာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ပြောကြားသည်။

အဆိုပါ ပညာပေးဇာတ်ကားကို MRTV နှင့် ပုဂ္ဂလိကပိုင်ရုပ်သံလိုင်းများတွင် အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ကိုကြီးကျော်
ဓာတ်ပုံ-ခင်မောင်ဝင်း

တောင်ကိုရီးယား၌ရိုက်ကူးမည့် ဟောလိဝုဒ်ဇာတ်ကားသစ်တွင် Bae Doona ပါဝင်သရုပ်ဆောင်မည်

ဟောလိဝုဒ်မှနာမည်ကြီး ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာညီနောင်ဖြစ်သည့် Wachowski Brothers က ဦးဆောင်ကာ တောင်ကိုရီးယား နိုင်ငံတွင် ဟောလိဝုဒ်ဇာတ်ကားသစ်တစ်ကားကို လာမည့်စက်တင်ဘာလတွင် ထပ်မံဖန်တီးသွားမည်ဖြစ်ကြောင်းနှင့် ယင်းဇာတ်ကားသစ်တွင် တောင်ကိုရီးယားကြယ်ပွင့် Bae Doona ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ၎င်းသည် ယခင်က Wachowski ညီနောင်တို့၏ လက်ရာဖြစ်သည့် Cloud Atlas နှင့် Jupiter Ascending ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ဖူးသူဖြစ်သည်။

အသစ်ထပ်မံရိုက်ကူးမည့် ဟောလိဝုဒ်ဇာတ်ကားသစ်သည် ဒရာမာအမျိုးအစားဖြစ်ပြီး ယင်းဇာတ်ကားနှင့် ပတ်သက်သည့် နေရာအတော်များများသည် တောင်ကိုရီးယားနိုင်ငံတွင် တည်ရှိခြင်းကြောင့် ရိုက်ကူးရန် ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ဇာတ်ကား၏ ထုတ်လုပ်မှုအကြိုလုပ်ငန်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍လည်း စီစဉ်ပြီးဖြစ်ကြောင်း သိရသည်။

နာမည်ကြီးဟောလိဝုဒ်ဇာတ်ကားဖြစ်သည့် The Avengers ဇာတ်ကားကိုလည်း တောင်ကိုရီးယားနိုင်ငံတွင် ပုံဖော်ခဲ့ခြင်းဖြစ်ပြီး ကိုရီးယားရုပ်သံလုပ်ငန်းများနှင့် ရင်းနှီးပြီးသားဖြစ်သည့် Wachowski ညီနောင်အတွက်မူ Avengers နှင့် မတူသည့် အမြင်မျိုးဖြင့် ဖန်တီးနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးတွင်သွားရောက်ရိုက်ကူးမည့် Infinity Challenge ရုပ်သံအစီအစဉ်တွင် ပါဝင်သွားမည့် ဆွန်ရီဂျင်း

တောင်ကိုရီးယားကြယ်ပွင့် ဆွန်ရီဂျင်းက တောင်ကိုရီးယားရုပ်သံလိုင်း အမ်ဘီစီမှ ဘရာဇီးနိုင်ငံတွင် သွားရောက်ရိုက်ကူးမည့် Infinity Challenge ရုပ်သံအစီအစဉ်တွင် ပူးပေါင်းပါဝင် သွားမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် ဆွန်ရီဂျင်းအနေဖြင့် ယင်းကဲ့သို့ Infinity Challenge ရုပ်သံအစီအစဉ်တွင် ပူးပေါင်းပါဝင်ခြင်းမှာ စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး အဆိုပါအစီအစဉ်မှ ဂျောင်အီဝူးနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် တောင်ကိုရီးယားအသင်းကိုလည်း အားပေးသွားမည် ဖြစ်ကြောင်းနှင့် ယခုလ ၁၃ ရက် တွင် ဘရာဇီးနိုင်ငံသို့ စတင်ထွက်ခွာကြမည် ဖြစ်ကြောင်း သိရသည်။

မင်းသမီး ဆွန်ရီဂျင်းသည် ၂၀၁၁ ခုနှစ်က အက်စ်ဘီအက်စ်ရုပ်သံလိုင်း၏ Running Man ဇာတ်ကားတွင် ပါဝင်ခဲ့ပြီး သုံးနှစ်ခန့်ကြာမှ ယခုကဲ့သို့ ရုပ်သံအစီအစဉ်တွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

Infinity Challenge ရုပ်သံအစီအစဉ်သည် ၂၀၀၈ ခုနှစ်က ကျင်းပခဲ့သည့် အိုလံပစ်အားကစားပွဲတော်တွင်လည်း အားကစားအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ပေးခဲ့သည့် ရုပ်သံအစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်

ကမ္ဘာ့ဖလားပြိုင်ပွဲကြီးမှာ ဂိုးသွင်းဘုရင် ဘယ်သူဖြစ်မလဲ

ခါတော်မီ ပန်းတစ်ပွင့်လို လေးနှစ်မှတစ်ကြိမ်ကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကတော့ ပရိသတ်တွေရဲ့ရှေ့မှောက်ကို မကြာခင်အချိန်အတွင်းမှာ ရောက်ရှိလာတော့မှာပါ။ ဒါကြောင့် ကမ္ဘာတစ်ဝန်းက ဘောလုံးကိုချစ်မြတ်နိုးတဲ့ ပရိသတ်တွေရဲ့ စိတ်အာရုံဟာ ဒီပြိုင်ပွဲကြီးအပေါ်ကိုရောက်ရှိနေမယ်ဆိုတာကတော့ မလွဲပါဘူး။ ပြီးတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးဟာ စိတ်ဝင်စားစရာအချက်အလက်တွေနဲ့ ပြည့်နှက်နေပြီး ဘယ်အသင်းက ချန်ပီယံဖြစ်မယ်၊ ဘယ်သူက ရွှေဘောလုံးဆုကိုရမယ်၊ ဘယ်ကစားသမားက ဂိုးသွင်းဘုရင်ဖြစ်မယ်ဆိုတာနဲ့ ဘယ်သူက အကောင်းဆုံးလူငယ်ကစားသမားဆုကိုရရှိနိုင်မလဲ ဆိုတာကတော့ တကယ့်ကိုစိတ်ဝင်စားစရာကောင်းလှပါတယ်။ ဒီဆု အားလုံးထဲမှာ အထူးစိတ်ဝင်စားစရာကောင်းပြီး စောင့်ကြည့်နေကြတာကတော့ ဂိုးသွင်းအများဆုံးရွှေဖိနပ် (ဂိုးသွင်းဘုရင်) ဆုကိုဘယ်ကစားသမားက ရရှိမလဲ ဆိုတာပါပဲ . . .

နေမာ (ဘရာဇီး)

ဒီပြိုင်ပွဲမှာတော့ ဂိုးသွင်းဘုရင်ဆု အတွက် အိမ်ရှင်ဘရာဇီးအသင်းရဲ့ တိုက်စစ်မှူး နေမာဟာရေပန်းအစားဆုံး ဖြစ်ပါတယ်။ ဘရာဇီးကလပ် ဆန်းတို့စ်မှာကစားတဲ့ခြေစွမ်းနဲ့ စပိန်ထိပ်သီး ဘာစီလိုနာမှာကစားတဲ့ခြေစွမ်း မတူညီလို့ ဝေဖန်မှုများစွာခံနေရတဲ့ နေမာ အနေနဲ့လည်း ဒီပြိုင်ပွဲမှာ ဂိုးတွေသွင်းပြီး သူ့ရဲ့ အရည်အသွေးကိုသက်သေပြဖို့လို အပ်ပါတယ်။ ဒ့ါအပြင် နိုင်ငံ့တကာ အားကစားဂျာနယ်လစ်တွေအပါအဝင် ဘောလုံးဝါသနာရှင်အချို့ အနေနဲ့လည်း ဂိုးသွင်းဘုရင်ဆုအတွက် နေမာကိုတစ်ပေးထားကြပြီး နေမာအနေနဲ့တော့ သန်း ၂၀၀ သော ဘရာဇီးပြည်သူတွေရဲ့ ရှေ့မှောက်မှာ ဂိုးတွေသွင်းယူပြီး ဒီဆုကိုရရှိနိုင်မလားဆိုတာကတော့ စိတ်ဝင်စားစရာပါပဲ။

ရော်လ်နယ်လ်ဒို (ပေါ်တူဂီ)

ဂိုးသွင်းဘုရင်ဆုအတွက် ရေပန်းစားသူ ကစားသမားစာရင်းမှာ ရော်လ်နယ်ဒိုကို မေ့ထားလို့မရပါဘူး။ ရော်လ်နယ်လ်ဒိုရဲ့ ပေါ်တူဂီဟာ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ ထိပ်ဆုံးအသင်းတွေထဲမှာ မပါဝင်သလို ဒီပြိုင်ပွဲကြီးမှာလည်း အမြင့်ဆုံး ဆီမီးဖိုင်နယ်လောက်သာရောက်ဖို့ရှိပါတယ်။ ဒါကြောင့် ပြိုင်ပွဲမှာ ရော်လ်နယ်လ်ဒိုအနေနဲ့ပွဲအနည်းငယ်သာ ကစားရဖို့ အခြေအနေရှိတာကြောင့် နေမာလောက် ရေပန်းစားမှု မရှိတာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ရီးယဲလ်အသင်းမှာ ဂိုးပေါင်းမြောက်များစွာသွင်းယူပြီး ဥရောပရွှေဖိနပ်ဆုကိုရရှိခဲ့တဲ့ ရော်လ် နယ်လ်ဒိုအနေနဲ့ ဒီဆုကိုရရှိနိုင်ပ့ါမလား ဆိုတာကတော့ ဆက်လက်ပြီးစောင့်ကြည့်ရဦးမှာပါ။

မက်ဆီ(အာဂျင်တီးနား)

ပြီးခဲ့တဲ့ဘောလုံးရာသီကတော့ ကမ္ဘာ့အကောင်းဆုံးလေးကြိမ်ရရှိခဲ့ဖူးတဲ့ မက်ဆီအတွက်မလှပခဲ့ပါဘူး။ ရာသီတစ်လျှောက်လုံးမှာ ဒဏ်ရာပြဿနာတွေနဲ့ရင်ဆိုင်ခဲ့ရသလို အမိကပြိုင်ဘက် ရော်လ်နယ်လ်ဒိုရဲ့နောက်ကောက်ကျခြင်းကိုခံခဲ့ရတာကြောင့် မက်ဆီအနေနဲ့ ဒီပြိုင်ပွဲကြီးမှာ ဂိုးပေါင်းများစွာသွင်းယူပြီး ရွှေဖိနပ်ဆုကိုရယူနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဖို့ရှိပါတယ်။ ဒ့ါအပြင် မက်ဆီရဲ့ အာဂျင်တီးနားဟာ ပွဲစဉ်တွေကို အိမ်နီးချင်း ဘရာဇီးမြေမှာ ကစားရမှာဖြစ်သလို၊ ပွဲစဉ်ရေးဆွဲထားမှု တည်နေရာအရလည်း အားလုံးထက်သာလွန်နေတာကြောင့် မက်ဆီအနေနဲ့လည်း ဂိုးဘယ်လောက်များများ သွင်းယူနိုင်မလဲဆိုတာကတော့ စိတ်ဝင်စားဖို့ကောင်းပါတယ်။

ဆွာရက်ဇ် (ဥရုဂွေး)

ဒူးဒဏ်ရာပြဿနာရှိနေတဲ့ ဆွာရက်ဇ်ကိုလည်း မေ့ထားလို့မရနိုင်ပါဘူး။ ဒဏ်ရာအခြေအနေအရ အဖွင့်ပွဲစဉ် နှစ်ပွဲကို လွဲချော်မှာဖြစ်တာကြောင့် ဆွာရက်ဇ် အနေနဲ့လည်း ဂိုးအများဆုံးသွင်းသူဆုအတွက် ရေပန်းစားမှုမှာ နောက်ကောက်ကျခဲ့ပါတယ်။ ဒါပေမယ့်လည်း ဥရုဂွေးနဲ့ ဆွာရက်ဇ်တို့ရဲ့ ရှန်းကန်အားကို စောင့်ကြည့်ရဦးမှာဖြစ်ပြီး ဥရုဂွေးသာ ဗိုလ်လုပွဲအထိ ရောက်နိုင်ခဲ့မယ်ဆိုရင်လည်း ဆွာရက်ဇ်ရဲ့ သွင်းဂိုးတွေနဲ့လည်း တိုက်ရိုက်အချိုးကျလာနိုင်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ လီဗာပူးအသင်းအတွက် ဂိုးပေါင်းများစွာသွင်းယူပြီး တစ်ဦးချင်းဆုတံဆိပ်တွေကိုရရှိထားခဲ့တဲ့ ဆွာရက်ဇ် ကမ္ဘာ့ဖလားမှာ သွင်းဂိုးတွေနဲ့ပြန်လာနိုင်မလား ဆိုတာကတော့ ဆက်လက်ပြီးစောင့်ကြည့်ရပါမယ်။

ဒါကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးမှာ ဂိုးသွင်း ဘုရင်ဆုကိုရရှိနိုင်မယ့် ကစားသမားတွေကို အစဉ်လိုက်ဖော်ပြပေးခဲ့တာဖြစ်ပါတယ်။ ကစားသမားတိုင်းဟာ ကမ္ဘာ့ထိပ်တန်း အဆင့်ရှိသူတွေဖြစ်ပြီး ဘယ်သူက ဒီဆုကိုသွင်းဂိုးတွေနဲ့သိမ်းပိုက်သွားမလဲဆိုတာကတော့ စိတ်ဝင်စားစရာကောင်းလွန်းပါတယ်။ ဒါကြောင့် မကြာခင်မှာ ကျင်းပတော့မယ် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို ရင်ခုန်မှုအပြည့်နဲ့ စောင့်ကြည့်ခံစားရင်း. . .။

ကိုရဲ

လူးဝစ်ဆွာရက်ဇ်ကမ္ဘာ့တတိယတန်ဖိုးအများဆုံးကစားသမားဖြစ်လာ

လီဗာပူးအသင်းမှ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်သည် ၎င်း၏တန်ဖိုးကို ပေါင် ၇၉ ဒသမ ၄ သန်းသတ်မှတ် ခံခဲ့ရခြင်းကြောင့် ကမ္ဘာ့တတိယမြောက်တန်ဖိုးအများဆုံးကစားသမားအဖြစ် ဖော်ပြခြင်းခံခဲ့ရသည်။တိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်သည် Football Observatory အဖွဲ့က ထုတ်ပြန်သော ကမ္ဘာ့တန်းဖိုးအမြင့်ဆုံးကစားသမားစာရင်းတွင် ဘာစီလိုနာ အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုတို့၏ နောက်တွင် တတိယဈေးအမြင့်ဆုံးကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

တိုက်စစ်မှူးမက်ဆီသည် ပေါင် ၁၆၁ ဒသမ ၅ သန်းဖြင့် ကမ္ဘာ့တန်ဖိုးအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ပြီး စီရိုနယ်လ်ဒိုမှာမူ ပေါင် ၈၅ ဒသမ ၂ သန်းဖြင့် ဒုတိယနေရာမှ ရပ်တည်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကစားသမား သုံးဦးနောက်တွင် ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား အေဒင်ဟာဇက်က ပေါင် ၆၁ ဒသမ ၂ သန်းဖြင့် အဆင့်(၄) နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူးနေမာသည်လည်း ပေါင် ၅၀ ဒသမ ၆ သန်းဖြင့် ကမ္ဘာ့တန်ဖိုးအများဆုံး ကစားသမားစာရင်းတွင် အဆင့်(၅)နေရာ၌ ရပ်တည်ခဲ့သည်။ အဆိုပါ ကမ္ဘာ့တန်ဖိုးအများဆုံးကစားသမား ၂၀ ကို Football Observatory အဖွဲ့က ထုတ်ပြန်ခဲ့ရာ၌ ပရီမီယာလိဂ်ကစားသမား ကိုးဦးအထိပါဝင်ခဲ့ပြီး စပိန်လာလီဂါမှ ကစားသမား ခုနစ်ဦး၊ ဂျာမန်ဘွန်ဒက်လီဂါမှ ကစားသမားနှစ်ဦး၊ ပြင်သစ်ပထမတန်းမှ ကစားသမားတစ်ဦးနှင့် အီတလီစီးရီးအေမှ ကစားသမားတစ်ဦးတို့ပါဝင်လာခဲ့သည်။

ငွေကြယ်

ဘောလုံးလောကသတင်းတိုများ

- အင်္ဂလန်ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးပါက အင်္ဂလန်လက်ရွေးစင် ကစားသမားဘဝကို အဆုံးသတ်ရန် စဉ်းစားလျက်ရှိကြောင်းသိရသည်။
- **အာဆင်နယ်ကွင်းလယ်ကစားသမား ကာဇိုလာသည် ယခုနှစ်နွေရာသီတွင် ဘာစီလိုနာအသင်းမှ ထွက်ခွာတော့မည့် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာရန် တောင်းဆိုထားကြောင်း သိရသည်။**
- ပီအက်စ်ဂျီအသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား အေဒင်ဟာဇက်အား ပြောင်းရွှေ့ကြေးပေါင် ၆၁ သန်းဖြင့် ခေါ်ယူရန်အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- **အသက်(၂၀)အရွယ် ဝေလကွင်းလယ်ကစားသမား ဂျွန်နီဝီလျံသည် ခရစ္စတယ်ပဲလေ့အသင်းနှင့် စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း ဆွမ်ဆီးအသင်း၏ ခေါ်ယူစာချုပ်ရန်စိတ်ဝင်စားမှုခံထားကြောင်း ၎င်းကပြောကြားခဲ့သည်။**
- ချယ်လ်ဆီးအသင်းနှင့် တိုက်စစ်မှူးဒီယေဂိုကော်စတာတို့သည် သဘောတူညီမှုရရှိခဲ့ပြီး ကော်စတာအနေဖြင့် စတမ်း ဖို့ဒ်ဘရစ်ချ်သို့ ပေါင် ၃၂ သန်းဖြင့် ပြောင်းရွှေ့ကစားရန်နီးစပ်မှုရှိနေကြောင်း သိရသည်။

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင့်
မူးယစ်ဆေး

ရောင်းမည်

ဘဏ်ဖွင့်ရန်၊ ဆိုင်ဖွင့်ရန်နှင့် စီးပွားရေးလုပ်ရန် နေရာကောင်း၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်းမကြီးပေါ်(ဦးချစ်မောင်အိမ်ရာအနီး)၊ ထောင့်ကွက်၊ ပေ(၂၀×၄၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်။ (သိန်း-၁၁၀၀၀)
ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၄၂၀၀၁၃၉၁၉

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ ဒုတိယနှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ အသင်းသားစုံညီ ဒုတိယနှစ်ပတ်လည်အစည်းအဝေးအား ၂၀၁၄ ခုနှစ် ဇွန်လ ၆ ရက် (သောကြာ) နေ့ နံနက် ၉:၃၀ တွင် မြို့မကျောင်းလမ်းရှိ အမျိုးသားစာတိုက်ရုံးတွင် ကျင်းပမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသင်းသားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း

တစ်ထောင်ကျပ်တန် ငွေစက္ကူအတုများ ဖမ်းမိ

မြဝတီ ဇွန် ၄

မြဝတီခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူများသည် မြဝတီမြို့နယ် အမှတ်(၄) ရပ်ကွက် ပြည်သာလမ်းရှိ ခိုင်သစ္စာစားသောက်ဆိုင်တွင် ဇွန် ၁ ရက်က အမျိုးသားတစ်ဦး တစ်ထောင်ကျပ်တန် ငွေစက္ကူအတုဟုထင်ရသော ငွေစက္ကူများဖြင့် လာရောက်စားသောက်နေကြောင်း သတင်းရရှိသဖြင့် မြဝတီမြို့မ ရဲစခန်းမှ နယ်ထိန်းအရာရှိ ဒု-ရဲအုပ်ဆန်းဝင်း၊ ဒု-တပ်ကြပ်သူရ၊ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ တပ်ကြပ်ကြီးထိန်ဝင်း၊ တပ်ကြပ်ကြီး အောင်ဖုန်းရှိန်၊ အမှတ်(၁၄) ရပ်ကွက် ဆယ်အိမ်မှူး၊ ရာအိမ်မှူးတို့နှင့်အတူ သွားရောက်စစ်ဆေးရာ မြဝတီမြို့ အမှတ် (၁၅) ရပ်ကွက်နေသူ သန်းထွန်းဦး(ခ) အန်နီဖတ် (၂၇)နှစ်ဖြစ်ကြောင်း သိရသည်။

၎င်းလွယ်ထားသော အပြာရောင်ကရင်လွယ်အိတ်အတွင်းမှ ၁၀၀၀ ကျပ်တန် ငွေစက္ကူအတု ၄၀၁ ရွက်အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ သတင်းကွင်းဆက်အရ အမှတ်(၄)ရပ်ကွက် ကားဝင်းဟောင်းအနောက်နေ မသဲစု၏ အဝတ်အစားများထဲမှ ၁၀၀၀ ကျပ်တန် ငွေစက္ကူအတု ၂၂၇ ရွက်အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ငွေစက္ကူအတုများအား လက်ဝယ်ထားသုံးစွဲမှုဖြင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။ (၅၇၀)

လားရှိုးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး ဇွန် ၄

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ ဒုရဲအုပ် စိုင်းရန်လင်းသူနှင့် ဒုရဲအုပ် နိုင်စိုးတို့အဖွဲ့က ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီခွဲမှစ၍ လားရှိုးမြို့ ရပ်ကွက်(၅) အထက်မန်အိုင်ကျေးရွာ ကောင်း(၂) စားသောက်ဆိုင်နှင့် ပတ်ဝန်းကျင်တွင် လျှို့ဝှက်စောင့်ဆိုင်းခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နန်းခမ်းလှပါ နှစ်ဦးသည် ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဝယ်လက်အသွင်ယူထားသော တပ်ကြပ် ငြိမ်းချမ်းစောမင်းထံမှ ငွေကျပ် ၂၃၄ သိန်းကို ရေတွက်စစ်ဆေးပြီးနောက် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ အား အရောင်း/အဝယ် ပြုလုပ်စဉ် ဝင်ရောက်ဖမ်းဆီးခဲ့ရာ နန်းခမ်းလှနှင့် စိုင်းညွန့်မောင်တို့အား သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၅၂၉) ခိုင်ရွှေဝါလမ်း နယ်မြေ(၁၆) ရပ်ကွက်(၇) ကွင်းဆက်တရားခံ နန်းခင်အား ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး တန့်ယန်းမြို့ ရပ်ကွက်(၄)နေ ဆေးပြားများပေးခဲ့သူ အိုက်ထွန်း(ခ)ခွန်ထွန်း(ခ) အိုက်စံအား ဖမ်းဆီးရမိရေး မူးယစ်တပ်စု (၂၃) တန့်ယန်းနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ နန်းခမ်းလှ၊ စိုင်းညွန့်မောင်၊ နန်းခင်၊ အိုက်ထွန်း (ခ) ခွန်ထွန်း(ခ)အိုက်စံတို့အား လားရှိုး(မမစ) က မယ(ပ) ၇၇/၂၀၁၄၊ မူးစိတ်ပုဒ်မ ၁၅/၁၉ (က)/၂၁အရ အရေးယူထားကြောင်း သိရသည်။ **ဟန်ဌေး(ခရိုင်ပြန်/ဆက်)**

လောင်းကစားဆိုင်ကို ဝင်ရောက်ရှာဖွေဖမ်းဆီး

မန္တလေး ဇွန် ၄

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် ၆၈လမ်း ဒေလီယာလမ်းနှင့် ဇလပ်ဝါလမ်း ကြား(စ-၁/၂၄) ရှိ ဖန်ဂျင်ငွေ့ (ခ) အားလု၏ဒိုင်းနမစ်အမည်ရှိ ငါးပစ် ဂိမ်းလောင်းကစားဆိုင်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး သန်းဇော်ဝင်းနှင့်အဖွဲ့ အမှတ်(၁၁) နယ်မြေရဲစခန်းမှ အရာခံ ပင်လုံထွန်းနှင့်အဖွဲ့သည် ဇွန် ၂ ရက် ညနေ ၆ နာရီက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ ဂိမ်းဆိုင်ဖွင့်လှစ်လုပ်ကိုင်သူ ဖန်ဂျင်ငွေ့(ခ) အားလုအား ကောင်တာခုံတွင် ထိုင်လျက်တွေ့ရပြီး ဆိုင်အလုပ်သမား မြင့်နိုင်လင်း၊ တိုးလယ်တီကျေးရွာ ဘုတလင်မြို့နယ်နှင့် ဂိမ်းလောင်းကစားနေသူ မြင့်ဦးအပါအဝင် ခြောက်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ဂိမ်းလောင်းကစားရာတွင် အသုံးပြုသည့် ငါးပစ်လောင်းကစား ဂိမ်းစက် ငါးလုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၁၂၉၀၀၀၊ လက်ကိုင်ဖုန်း ခုနစ်လုံး၊ ဆိုင်ကယ်လေးစီးတို့ကို သိမ်းဆည်းရမိသဖြင့် ဖန်ဂျင်ငွေ့(ခ)အားလုအပါအဝင် ရှစ်ဦးအား အမှတ်(၁၁) နယ်မြေ ရဲစခန်းက (ပ) ၃၇၆/၂၀၁၄ လောင်းကစားပုဒ်မ ၁၃(က)၊ ၁၄(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မော်လူး ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေအတွင်း ဇွန် ၂ ရက်က သတင်းအရ ရှာဖွေရာ မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူ ဖမ်းဆီးရမိ

မော်လူးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် အေးမင်းသိန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်အောင်သန်း၊ ဒု-တပ်ကြပ် အောင်ကိုဝင်းတို့သည် သက်သေများဖြစ်သော ဟဲနုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ရွှေ၊ မော်လူးရပ်ကွက်(၆)နေ ဦးသံချောင်းတို့နှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ပုန်းဟုန်းကျေးရွာအုပ်စု စဉ့်ခိုးကျေးရွာနေ အောင်မင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အောင်မင်းအား နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို တွေ့ရှိရပြီး ၎င်းအနီးမှ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၅ ဒသမ ၁ ဂရမ်ခန့်ပါ အဖြူရောင်ကော်ဘူးတစ်ဘူး၊ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၁ ဒသမ ၇၈၅ ဂရမ်ခန့်စီပါ ကော်ဘူး နှစ်ဘူး၊ အလေးချိန် သုည ဒသမ ၃၈၂ ဂရမ်ခန့်ပါ ပင်နီဆလင်ပုလင်း တစ်လုံး စုစုပေါင်း အလေးချိန် ၉ ဒသမ ၀၅၂ ဂရမ်ခန့်နှင့် ငွေကျပ် ၉၅၀၀၀ တို့ကို တွေ့ရှိ၍ ဒု-ရဲအုပ် အောင်အောင်သန်းမှ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံရေးသွင်း သိမ်းဆည်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်မင်းအား မော်လူးရဲစခန်းက မယ(ပ) ၁၁ မူး/စိတ် ပုဒ်မ ၁၅/၁၉ (က)/၂၀(က)ဖြင့် အရေးယူခဲ့ပြီး အမှုစစ် ဒုရဲအုပ် အောင်အောင်သန်းက ထိရောက်သော ပြစ်ဒဏ်ရရှိရေး ခရိုင်တရားရုံးသို့ အမြန်တရားစွဲဆိုနိုင်ရေး အတွက်ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၅၈)**

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) DVB-T2 Transmitter(USD) 67 Sets
(ခ) Radio FM Transmitter(USD) 23 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၆-၂၀၁၄ ရက်မှ ၂၀-၆-၂၀၁၄ ရက်ထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မဇင်-ငပလီ-မြပြင်-လုံးသာလမ်း၊ ရန်ကုန်-စစ်တွေလမ်း(စစ်တွေအပိုင်း)နှင့် သံတွဲ-ငပလီလမ်းစသည့်လမ်းများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းတို့အတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတစ်လမ်းစီအတွက် လိုအပ်သော လမ်းခင်းပစ္စည်းကျောက်အရွယ်မျိုးစုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့၊ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ၅-၆-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ (က) တင်ဒါလျှောက်လွှာပိတ်ရက် - ၁၁-၆-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
(ခ) တင်ဒါဖွင့်မည့်ရက် - ၁၃-၆-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ
(ဂ) တင်ဒါဖွင့်မည့်နေရာ - အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၈၁၀၀၁၄၆၊ ၀၉-၂၅၀၉၀၂၀၀၄

ကန့်ကွက်နိုင်ပါကြောင်း

ဇဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ စီဂျီအိတ်စ်၊ မြေကွက်အမှတ်(၁၅၁၁)၊ ဧရိယာ(၀. ၀၀၈)ဧက၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ငွေလှဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်အရောင်းအဝယ်စာချုပ်(၁၈၂၁/၂၀၁၄)ကိုတင်ပြ၍ ဒေါ်သိန်းခင်[၁၁/ရဗန(နိုင်)၀၀၁၂၂၉]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြေတိုင်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ်(ပ-၁၆၁၆)၊ ဧရိယာ(၀. ၁၄၆)ဧကရှိ ဦးမြင့်ထွေး အမည်ဖြင့် ပိုင်ဆိုင်သော နှစ်(၃၀)ဂရန်မြေကွက်အား အမည် ဦးသိန်းနိုင်[၉/ကပတ(နိုင်)၀၃၂၀၈၂]၊ အဖ အမည်ဦးဘိုကြီးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ အမှတ်(၁၉၈)နေ
ဦးမောင်မောင်စံ-ဒေါ်ဝါဝါ(မြသော်တာစာပေ)တို့၏တစ်ဦးတည်းသောသား၊ မချောနန္ဒီစံ၏အစ်ကို

မောင်ရဲမင်းဖြိုး

Base Engineer (Rutledge E & P Pte.,Ltd)
Diploma in Bioengineering (Singapore Polytechnic)
Bachelor of Engineering (EEE) 4th Year, Nanyang Technological University

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ်(၂၈၃)နေ
ဦးမိုးညွန့်အောင်(Managing Director, Treasure Ivory Construction Co.,Ltd)-ဒေါ်ချောစုဝင်းတို့၏
တစ်ဦးတည်းသောသမီး

မဖူးငုံသင်း

Project Coordinator (M&I Electric Pte.,Ltd)
Diploma in Aerospace Electronics Engineering (Singapore Polytechnic)
Bachelor of Engineering (EEE) 4th Year, Nanyang Technological University

တို့၏ ၁-၆-၂၀၁၄ ရက်တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီ၊ မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ မင်္ဂလာဆွဲကြိုး ဆင်မြန်းပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဦးတင်ရွှေ၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့်ဇနီး ဒေါ်ဒေဝီနွယ်တို့အားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ စာပေစာနယ်ဇင်း ထုတ်လုပ်သူများနှင့် ဖြန့်ချိရေးကိုယ်စားလှယ်ကြီးများ၊ အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ စင်ကာပူမှကြွရောက်ချီးမြှင့်ပေးပါသော ဧည့်သည်တော်များ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း လက်ဆောင်မွန်များ ပေးပို့ကြပါသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးနှင့် မဝေမိဟန်၊ မင်္ဂလာအခါတော်ပေးတေးသံရှင် မေဆွိနှင့် Emperor တီးဝိုင်းအဖွဲ့၊ မင်္ဂလာပန်းကြဲ မမြသီတာဝင်း(စင်ကာပူ)၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာဆွဲကြိုးကိုင်ဆောင်ပေးပါသော မအိအိခင်(စင်ကာပူ)၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မချောနန္ဒီစံ၊ မင်္ဂလာသတို့သားအရံ ဒေါက်တာထက်အောင်ဝင့်၊ မောင်စိုင်းကျော်ကျော်ခိုင်၊ မင်္ဂလာသတို့သမီးအရံ မခင်ယုယထွန်း(စင်ကာပူ)၊ မနှင်းထက်ထက်နိုင်(စင်ကာပူ)၊ မိတ်ကပ်၊ ဆံပင် လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော ဒီဇိုင်နာမင်းသက်စံ(Sweet & Smart Collection)၊ မင်္ဂလာလက်ဝတ်ရတနာ ခင်စန်းဝင်းနှင့် ငွေမြင့်မိုရ်၊ မင်္ဂလာဖိနပ်ရွှေမြင့်မိုရ်၊ မင်္ဂလာခန်းမ ပန်းအလှပြင် Eternal Floral၊ Prewedding ဓာတ်ပုံမောင်ဖြိုးမော်နှင့် SG Bridal(MY)၊ ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး(Focus Daily)အဖွဲ့သားများလည်းကောင်း၊ မင်္ဂလာဖိတ်စာ Dagon printing၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ၂၄-၅-၂၀၁၄ ရက်တွင် နေအိမ်၌ကျင်းပြုလုပ်သာ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် တွဲဖက်တရားသူကြီး ဒေါ်ခင်အိဌေးနှင့် အသိသက်သေလူကြီးမင်းများနှင့် ဧည့်သည်တော်များအားလည်းကောင်း၊ ၂၅-၅-၂၀၁၄ ရက်တွင် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂-၆-၂၀၁၄ရက် White Rice Restaurant ၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ရဲမင်းဖြိုး-မဖူးငုံသင်း

ကျေးရွာချင်းဆက်လမ်း လိုအပ်နေကြောင်း ကျောက်လှည်းဘီးရွာဒေသခံများပြော

ရေစကြို၊ ဇွန် ၄

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အောင်နန်းကျေးရွာအုပ်စု၊ ကျောက်လှည်းဘီးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် ကျေးရွာချင်းဆက်လမ်း လိုအပ်နေကြောင်း ယင်းဒေသခံများကပြောသည်။

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အောင်နန်းကျေးရွာအုပ်စု၊ ကျောက်လှည်းဘီးဆိုသော ရွာကလေးသည် အိမ်ခြေ ၄၈ အိမ်၊ အိမ်ထောင်စု ၅၃ စု၊ လူဦးရေ ၂၀၀ ကျော်တို့ နေထိုင်ကြပြီး မိုးကောင်းသောက်စပါး စိုက်ဧက အနည်းငယ်၊ ပဲစင်းငုံ၊ နှမ်း၊ ပြောင်းတို့ကို စိုက်ပျိုးကြပြီး သိုး၊ ဆိတ်များကို မွေးမြူကြကာ အမွေးတိုင်လိပ်ခြင်းဖြင့် ဘဝကို ရပ်တည်ကြရကြောင်း ဒေသခံများက ပြောသည်။

“ကျွန်တော်တို့ရွာက ထွက်ပေါက်ပိတ်သလိုဖြစ်နေရတယ်။ အောင်နန်းရွာကို နှစ်မိုင်ခန့်၊ သပြေပင်ရွာကို နှစ်မိုင်ခန့် လမ်းနှစ်လမ်းပဲရှိတယ်။ သွားလာရေးအဆင်မပြေတော့ ကျန်းမာရေးနဲ့ ပညာရေးတွေအတွက် အခက်တွေ့နေရတယ်။ ကျေးလက်ကျန်းမာရေးဆေးခန်းနဲ့ အလယ်တန်းကျောင်းရှိတဲ့ ခင်မွန်ရွာတော့ရှိတယ်။

“ ဒီအနားမှာပဲ ဒါပေမယ့် လမ်းမရှိတော့ သွားလို့မရဘူး။ ခင်မွန်ကိုသွားမယ်ဆိုရင် ကျောက်လှည်းဘီးက အောင်နန်းရွာထိ နှစ်မိုင်၊ အောင်နန်းရွာက တမာတန်းအထိ လေးမိုင်၊ တမာတန်းက ကံသစ်ထိ လေးမိုင်၊ ကံသစ်က ခင်မွန်ငါးမိုင် စုစုပေါင်း ၁၅ မိုင်ခရီး ပတ်ပြီးမှ ခင်မွန်ကိုရောက်နိုင်ပါတယ်။

“တကယ်လို့သာ ခင်မွန်နဲ့ ကျောက်လှည်းဘီး အကွာအဝေးနှစ်မိုင်ခန့်ဖြတ်လမ်းကို သက်ဆိုင်ရာက ဖောက်လုပ်ပေးနိုင်ရင် ကျန်းမာရေးအတွက် အချိန်မနှောင်းခင် ဆေးဝါးကုသမှု ခံယူနိုင်မှာဖြစ်သလို စတုတ္ထတန်းအောင်ရင်ပဥ္စမတန်း (အလယ်တန်းနှင့်အထက်)ထိ ပညာသင်ယူခွင့်တွေရရှိလာနိုင်လို့ ပညာတတ်တွေများများ မွေးထုတ်နိုင်မှာဖြစ်ပါတယ်။ ပြီးတော့ ဒေသထွက်ကုန်တွေကိုလည်း ကျောက်လှည်းဘီးက ခင်မွန်ရွာ နှစ်မိုင်၊ ခင်မွန်ရွာက ကံသစ်ရွာ ငါးမိုင်၊ ခုနစ်မိုင်ခရီး ဖြတ်သန်းခြင်းဖြင့် ပခုက္ကူ-မန္တလေး ကားလမ်းမကြီးပေါ် ရောက်ရှိပြီး ဒေသထွက်ကုန်တွေ ဈေးကွက်ကို အချိန်မီပို့ဆောင်နိုင်ခြင်းဖြင့် အရောင်းအဝယ်တွေ ကောင်းလာနိုင်မှာဖြစ်ပါတယ်”ဟု ဒေသခံများက ပြောသည်။

> **ကုန်းတွင်းပိတ်ရွာဖြစ်သည့် အတွက် ပညာတတ်နည်းပါးပြီး လွတ်လပ်ရေး. . .**

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်ရရှိရေး ဖော်ဆောင်ပေးခြင်းဟူသော အဆိုပါအချက်နှစ်ချက်ကို သက်ဆိုင်ရာက ဖြည့်ဆည်းပေးနိုင်မည်ဆိုလျှင် ကျေးလက်ဒေသများ အမှန်ပင် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ကုန်းတွင်းပိတ်ရွာဖြစ်သည့်အတွက် ပညာတတ်နည်းပါးပြီး လွတ်လပ်ရေးရပြီးသည်မှ ယနေ့အထိ ဘွဲ့ရလူငယ် သုံးလေးဦးသာရှိကာ ကျောက်လှည်းဘီးမှ အောင်နန်းရွာ၊ သပြေပင်သို့သာ သွားလာစရာလမ်းရှိ၍ မြို့နယ်အဆင့် တာဝန်ရှိသူတွေ အရောက်အပေါက်နည်းသည့်အတွက် ကျေးရွာ၏လိုအပ်ချက်များကို မသိကြသဖြင့် ဖွံ့ဖြိုးမှုများ နှေးကွေးလျက်ရှိသည်။

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး မဖွံ့ဖြိုးသည့် အကျိုးဆက်ကြောင့် အရာအားလုံး အမှောင်ဖုံးထားသလို အရာရာတွင် တိုးတက်မှုများ နှေးကွေးနေကြကြောင်း သိရှိရသည်။

ဖေထွေးထားဇော်(ရေစကြို)

‘အ’သုံးလုံးအဖွဲ့ဝင်ဟောင်းများပင်လည်ဘူးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကသာ၊ ဇွန် ၄

၁၉၆၄-၁၉၈၄ ခုနှစ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံ ‘အ’ သုံးလုံးအဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အဖွဲ့ဝင် ၁၄ ဦးသည် မေ ၂၃ ရက်မှ ၃၀ ရက်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်သို့ သွားရောက်၍ လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဖွဲ့ဝင်သမားတော်ကြီး ဒေါက်တာ ဒေါ်ခင်မော်နှင့် ဆရာဝန်များက မြို့နယ်အတွင်းရှိ မန်တန် ကျေးရွာအုပ်စု၊ ထမံမောက်လတ်ဒေသ တောင်တောအုပ်စု၊ ကင်းပန်းကျေးရွာအုပ်စုနှင့် မြို့ပေါ်ရပ်ကွက်နှစ်ခုသို့ သွားရောက်၍ မီးယပ်၊ သားဖွားနှင့် အထွေထွေရောဂါဝေဒနာရှင် ၁၂၄၀ တို့ကို အခမဲ့ ဆေးဝါးကုသပေးကြသည်။ အဖွဲ့ဝင် ဒေါ်ခင်မမလေးက အမျိုးသမီးရောဂါများနှင့်ပတ်သက်၍ ပညာပေးဟောပြောပြီး အဖွဲ့ခေါင်းဆောင် မြန်မာစာတွဲဖက်ပါမောက္ခ(ငြိမ်း) ဆရာမျိုးသန့်(မောင်ဖုန်းပြည့်-တက္ကသိုလ်)နှင့် ဒေါက်တာမင်းမော်သန့်(ကထိက) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်တို့က ကျေးရွာဓမ္မာရုံ၊ စာသင်ကျောင်းများနှင့် မြို့ပေါ် အ. ထ. က အောင်မြတ်ခန်းမတို့တွင် စာပေ၊ အသိပညာ၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တက္ကသိုလ်ဝင်တန်း ပညာသင်ယူလေ့လာနည်းတို့ကို ရှင်းလင်းပြောကြားကြသည်။ ကျေးလက်စာကြည့်တိုက် ၃၂ ခုသို့လည်း စာအုပ်စာတမ်းများနှင့် အထွေထွေစရိတ် ကျပ် ၅၀၀၀ စီ လှူဒါန်းသည်။ ထို့ပြင် ဝေးလံခေါင်းပါးသော ကျေးရွာ ၁၆ ရွာသို့ အဝတ်အထည်များ ပေးပို့လှူဒါန်းကြသည်။

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့အား ပင်လည်ဘူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများ၊ ကျေးရွာကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကျေးလက်ပြည်သူများက လိုအပ်သည်များကို ကူညီပေးခဲ့ကြကြောင်း သိရသည်။

မျိုးမင်းသူရ

ပန်းတနော်မြို့ အ.ထ.က(ခွဲ) တွင် ကျောင်းဆောင်သစ် လိုအပ်လျက်ရှိ

ပန်းတနော်၊ ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့ပေါ်တွင် အ. ထ. က(၁)ကျောင်းနှင့် အ. လ. က(၁)ကျောင်းများရှိပြီး အ. ထ. က ကျောင်းတွင် ကျောင်းသူ၊ ကျောင်းသား ၂၀၀၀ ကျော်နှင့် အ. လ. က ကျောင်းတွင် ကျောင်းသူ၊ ကျောင်းသား ၁၀၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အ. လ. က ကျောင်းအား အ. ထ. က(ခွဲ)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့သဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ အဆိုပါကျောင်းမှ အဋ္ဌမတန်းအောင်မြင်သူ ကျောင်းသားများအား နဝမတန်းမှစ၍ လက်ခံသင်ကြားခဲ့ပါသည်။

နဝမတန်းကျောင်းသူ၊ ကျောင်းသား ၁၂၀ ခန့်ရှိပြီး အဆိုပါအချိန်က အ. ထ. က(ခွဲ)ကျောင်းရှိ စာသင်ဆောင်များမှာ လုံလောက်ရုံသာရှိခဲ့သော်လည်း ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် နဝမတန်းအောင်မြင်သူ ဒသမတန်း ကျောင်းသူ၊ ကျောင်းသား ၁၀၀ ကျော်အား သင်ကြားပို့ချရန် စာသင်ဆောင် လိုအပ်လျက်ရှိနေပါသည်။

ပန်းတနော် အ. ထ. က(ခွဲ)ကျောင်းတွင် စာသင်ဆောင် မလုံလောက်သဖြင့် အထက် အဖွဲ့အစည်းအဆင့်ဆင့်သို့ ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် ရန်ပုံငွေများ တောင်းခံခဲ့သော်လည်း ယခုစာသင်နှစ်တွင် မရရှိခဲ့ပါ။ သို့ပါ၍ ယခုပညာသင်နှစ်တွင် အ. ထ. က (ခွဲ) ကျောင်းအနေဖြင့် နှစ်ချိန်ကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားရတော့မည် ဖြစ်ပါသည်။

အ. ထ. က(ခွဲ)ကျောင်းအား အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် အုတ်ဖို၊ ဘုရားပျို၊ သမိုင်း ၊ ကဇင်းငူ၊ ဘဝိုင်း၊ ဂုံမင်း စသည့်ကျေးရွာများမှ ခြေကျင်သော်လည်းကောင်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီဖြင့်လည်းကောင်း ကျောင်းတက်ရသဖြင့် နှစ်ချိန်ကျောင်းတွင် ကျောင်းတက်ရပါက မိမိတို့သားသမီးများအား နှစ်ခါကြို/ပို့လုပ်နေရသဖြင့် အလုပ်အကိုင်ပျက်ခြင်း၊ ယာဉ်အန္တရာယ်များ စိုးရိမ်နေရခြင်း၊ မိုးတွင်းအခါ အငယ်တန်းအဆင့် တစ်ခါကြို/ပို့၊ အထက်တန်းအဆင့် တစ်ခါကြို/ပို့နှင့် လွန်စွာအခက်အခဲရှိမည်ဖြစ်ပါ၍ စာသင်ဆောင် တိုးချဲ့ကာ နှစ်ချိန်ကျောင်းအစား တစ်ချိန်ကျောင်းသာဖြစ်စေချင်ကြောင်း ကျောင်းသားမိဘများက လိုလားလျက်ရှိကြောင်း သိရသည်။ **(၁၆၆)**

မန္တလေးတိုင်းဒေသကြီး ၊ချမ်းမြသာစည်မြို့နယ်ရှိ ဂိမ်းဆိုင်မှ လောင်းကစားလုပ်သူများအား အရေးယူထား

နေပြည်တော်၊ ဇွန် ၄

မန္တလေးတိုင်းဒေသကြီး၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် အောင်ပင်လယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် လောင်းကစားသတင်းအရ သက်သေများနှင့်အတူ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ ကျော်ထွန်း ၂၄ နှစ်၏ ဂိမ်းဆိုင်သို့ ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာဆိုင်တွင်း ကျော်ထွန်း ဂိမ်းဆိုင်အလုပ်သမားဖြစ်သည့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ မမိုးမြတ်သူဇာ ၂၂နှစ်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ဆ-ရပ်ကွက်နေ ကျော်စိုးမိုး ၄၂ နှစ်ပါကိုးဦး၊ စုစုပေါင်း ၁၁ ဦးတို့အား ဂိမ်းစက်သုံးလုံး၊ လောင်းကြေးငွေကျပ် ၁၃၆၅၅၀၀ တို့နှင့်အတူ ဂိမ်းလောင်းကစားနေစဉ် တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထိုသို့ဂိမ်းကစားနေစဉ်ဖမ်းဆီးရမိသည့်အတွက် ၎င်းတို့ ၁၁ ဦးအား အောင်ပင်လယ် နယ်မြေရဲစခန်းက (ပ)၂၄၃/၂၀၁၄၊ လောင်းကစားဥပဒေပုဒ်မ ၁၃(က)/ ၁၄(က) ဖြင့် အမှုဖွင့် ၍ အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ကြေညာချက်

[illegible]

စဉ်	အမည်	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]

ယင်းမာပင်မြို့နယ်တွင် သစ်ပင်စိုက်ပွဲတော်ကြီး အတွက် ပျိုးပင်မျိုးစုံ ပျိုးထောင်ထား

ယင်းမာပင်၊ ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မိုးရာသီ လူထုဖြန့်နှင့် သစ်ပင်စိုက်ပွဲတော်ကြီးအတွက်ပျိုးပင်မျိုးစုံအား ပျိုးထောင်ထားလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် စိမ်းလန်းစိုပြည်စေရေးကို အစဉ်ရှေးရှုပြီး မြို့နယ်အတွင်းရှိ ယင်းမာပင်မြို့မ ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၁၀၀၀၀၊ ကျောက်မော်ကျေးရွာပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၅၆၈၀ နှင့် ကွေ့ချောင်းကျေးရွာတွင် ပျိုးပင်ပေါင်း ၁၀၀၀၀ တို့ဖြင့် စုစုပေါင်းပျိုးပင် ၂၅၆၈၀ ပင်တိတိကို ပျိုးထောင်ထားကြောင်း သိရသည်။

'ကျွန်တော်တို့မြို့နယ်သစ်တောဦးစီးဌာနက တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာ ၂၀ ပင်နဲ့ တစ်ရွာတစ်ဧက သစ်မာစိုက်ခင်း၊ ဆက်သွယ်ရေးလမ်းဘေးဝဲ/ယာ နေရာတွေနဲ့ လူထုဖြန့်ဝေပေးနိုင်ရန်အတွက် ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ရပ်ကွက်/ကျေးရွာများပါမကျန် ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံတစ်ဝန်းမှာ သစ်တောဦးစီးဌာနများက လုပ်ငန်းလျာထားချက်များအဖြစ် ကျေးလက်အိမ်ရာထူထောင်ရေး သစ်တောစိုက်ခင်းများ တည်ထောင်မှုနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လုပ်ကိုင်ပေးနေပါတယ်" ဟု မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်မင်းဦးက ပြောကြားသည်။

ယခု မြို့နယ်အတွင်းရှိ ပျိုးဥယျာဉ်များပျိုးထားသည့် နေရာသုံးခုတွင် ပျိုးထောင်ထားသည့် ကျွန်း၊ ယူကလစ်၊ တမာနှင့် မယ်ဇလီ စသည့်ပျိုးပင်ပေါင်း ၂၅၆၈၀ ကို မိုးရာသီတွင် သစ်တောဦးစီးဌာနက ပြည်သူလူထုပူးပေါင်းပါဝင်သောအင်အားဖြင့် သတ်မှတ်နေရာအသီးသီး၌ သစ်ပင်စိုက်ပျိုးပွဲတော်များအဖြစ် ပြုလုပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

ထွန်းကိုကို(ယင်းမာပင်)

အောင်စည်မင်းမှန်လုံကားအသင်း တိုးချဲ့ပြေးဆွဲ

တနင်္သာရီ၊ ဇွန် ၄

ခရီးသွားပြည်သူများ ခရီးသွားလာရေး ပိုမိုလွယ်ကူစေရေးအတွက် ကိုးရီးယားနိုင်ငံထုတ် ဟွန်ဒိုင်း (GRX) ကားအမျိုးအစား ၁၂ ဦးဆံ့ လူစီးသီးသန့် (ကုန်ပစ္စည်းမပါ) ကို အောင်စည်မင်း မှန်လုံကားအသင်းက မေ ၅ ရက်မှစ၍ (မြိတ်-တနင်္သာရီ-မြိတ်) ခရီးစဉ်ကို ခရီးသည်များသွားလိုသည့် လိပ်စာအတိုင်း အိမ်အရောက်ပို့ပေးသည့်စနစ်ဖြင့် တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

တနင်္သာရီမြို့တွင် ကုန်းလမ်းအနေဖြင့် ငွေဖြိုးခိုင်၊ ရွှေသာရီနှင့် မြိတ်တံခွန် မှန်လုံကားအသင်းများ (မြိတ်-တနင်္သာရီ-မြိတ်) ခရီးစဉ်တစ်လျှောက် လူနှင့်အတူ ကုန်ပစ္စည်းများတင်ဆောင်လျက် နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး ရေလမ်းကြောင်းအနေဖြင့် ဒို့တောရွာနှင့် ကြံတိုင်းအောင် ရှပ်ပြေးအမြန်ယာဉ်များကို တကူရွာမှ တနင်္သာရီ-မြိတ်သို့ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

အောင်စည်မင်းမှန်လုံကားအသင်းမှ မြိတ်-တနင်္သာရီ-မြိတ် ခရီးစဉ်ပို့ဆောင်ပေးမည့် လူစီးသီးသန့်ယာဉ်အားတွေ့ရစဉ်။

၎င်းကားအသင်းသည် တနင်္သာရီမြို့ ချောင်းရပ်ကွက် သုခလမ်းရှိ ရွှေရီစံလက်ဖက်ရည်ဆိုင်အရှေ့မှ မြိတ်မြို့သို့ နံနက် ၈ နာရီတစ်ကြိမ်၊ နံနက် ၉ နာရီခွဲ တစ်ကြိမ်နှင့် မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ်၊ မြိတ်မြို့မှ တနင်္သာရီမြို့သို့ မြိတ်မြို့ အနောက်လယ်ရပ်ကွက်(၈) လမ်း ရွှေသာရီကားဂိတ်အနီးမှ နံနက် ၈ နာရီတစ်ကြိမ်နှင့် မွန်းလွဲ ၂ နာရီတစ်ကြိမ် နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ တနင်္သာရီမြို့မှ နေ့ချင်းပြန်သွားနိုင်ကြောင်းသိရသည်။**ထိန်ဝင်း(ပြန်/ဆက်)**

ဧရာဝတီမြစ်ကမ်းဘေးတွင် တရားမဝင် ကျွဲ၊ နွားများ ဖမ်းဆီးရမိ

ကသာ၊ ဇွန် ၄

ကသာမြို့နယ်၊ သံပုရာရွာ၏ မြောက်ဘက် သုံးဖာလုံခန့်အကွာ ဧရာဝတီမြစ်ကမ်းဘေးတွင် တရားမဝင် သယ်ဆောင်လာသည့် ကျွဲ၊ နွား ကိုးကောင်အား ဇွန် ၁ ရက် နံနက် ၄ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းရွာနယ်မြေ ရဲစခန်းမှူး ရဲအုပ် စိုးလှိုင်၏ ညွှန်ကြားချက်ဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သိန်းအောင်၊ သံပုရာရဲကင်းမှူး တပ်ကြပ်စိန်အေးနှင့်အဖွဲ့သည် တရားမဝင် ကျွဲ၊ နွား မှောင်ခိုဖမ်းဆီးရေး လှည့်ကင်းဆောင်ရွက်နေစဉ် သံပုရာကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလှ၊ အဖွဲ့ဝင် ဦးမြင့်အောင်တို့ ပူးပေါင်းအဖွဲ့သည် သံပုရာကျေးရွာမြောက်ဘက် သုံးဖာလုံခန့်အကွာ ဧရာဝတီမြစ်ကမ်းဘေးတွင် နွားထီး ငါးကောင်၊ နွားမ နှစ်ကောင်၊ ကျွဲမ နှစ်ကောင်၊ ပေါင်း ကိုးကောင်နှင့်အတူ သယ်ဆောင်မောင်းနှင်လာသော လူသုံးယောက်နှင့်အတူ တွေ့ရှိစစ်ဆေးဖမ်းဆီးခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသည့် ထွန်းမြင့်(ခ)ဖိုးစု ရွှေကူမြို့နယ်၊ နန့်လန်ကျေးရွာနေသူ မောင်နိုင်၊ ရွှေကူမြို့နယ်၊ နောင်လတ်ကြီးကျေးရွာနေသူ သုံးဦးတို့သည် ယင်းကျွဲ၊ နွား ကိုးကောင်ကို ကန့်ဘလူမြို့နယ် ဇီးကနားကျေးရွာမှ သံပုရာရွာအနီးသို့ သယ်ဆောင်လာကြောင်း သိရှိရသည်။

သို့ပါ၍ ၎င်းတို့အား အင်းရွာနယ်မြေရဲစခန်းက (ပ) ၅၄/၂၀၁၄ အရေးကြီးကုန်ပစ္စည်းပုဒ်မ ၅-ဖြင့် အမှုဖွင့်ခဲ့ပြီး အမြန်တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ **ငြိမ်းငြိမ်း(ကသာ)**

မလှိုင်တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်

မိတ္ထီလာ၊ ဇွန် ၄

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ မိတ္ထီလာ-မြင်းခြံကားလမ်း မိုင်တိုင်အမှတ် ၁၄/၁ နှင့် ၁၄/၂ အကြား ရေကမိုးကျေးရွာအနီးတွင် ဇွန် ၂ ရက် နံနက် ၉ နာရီခွဲခန့်က မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်သန်းနိုင်ဇော်သည် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မလှိုင်မြို့ဘက်မှ မိတ္ထီလာဘက်သို့ ယာဉ်မောင်း ဇော်စိုးမိုးအောင်သည် STATION WAGON အမျိုးအစား မီးခိုးရောင်အား တစ်ဦးတည်းမောင်းနှင်စဉ် မိတ္ထီလာမြို့ဘက်မှ မလှိုင်မြို့ဘက်သို့ ယာဉ်မောင်း ဦးမောင်အေး ၄၈ နှစ် ရွာထမ္မကြီးကျေးရွာအုပ်စုနေသူ မောင်းနှင်သည့် YESANBO 125 (လိုင်စင်စိစစ်ဆဲ) ၏ အလယ်တွင် တစ်ရပ်တည်းနေ မကေသွယ်ဖြိုး ၁၁ နှစ်၊ နောက်တွင် ဦးအောင်မြိုင် ၃၆ နှစ်တို့ လိုက်ပါလာသည့် ဆိုင်ကယ်အား ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်ပေါ် လိုက်ပါလာသူ သုံးဦးစလုံး ဒဏ်ရာရရှိခဲ့သည်။

ဆိုင်ကယ်မောင်းနှင်သူ ဦးမောင်အေးအား မလှိုင်ဆေးရုံမှ မိတ္ထီလာဆေးရုံသို့ လွှဲပြောင်းပေးပို့ကုသစဉ် သေဆုံးသွားသည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်စိုးမိုးအောင် ၄၈ နှစ် ပြည်သာယာရပ်၊ ၆ လမ်း မိတ္ထီလာမြို့နေထိုင်သူအား ယာဉ်(ပ) ၁၉/၂၀၁၄ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၇/၃၃၈ ဖြင့် မလှိုင်မြို့ မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

(၅၇၉)

အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

မြန်မာ့စီးပွားရေးဘဏ်

အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

မြန်မာ့စီးပွားရေးဘဏ်

ကုန်းလမ်းဆက်သွယ်ရေးဝန်ကြီးဌာန

ငှားမည်

ရန်ကင်း(ကျောက်ကုန်း) အောင်ဇေယျလမ်းမကြီးပေါ်

အမှတ် ၂၁(မြေညီထပ်) ၁၃'×၄၅'၊ ဖုန်း/မီတာ

(မိုးခန်းဖွင့်ရန် အသင့်ဖြစ်ပြီး)

ဆွေမြင့်စံ - 09 7309-9696, 09 7319-9696

ပျောက်ဆုံးလက်မှတ်

ပျောက်ဆုံးလက်မှတ်

ဟိုပုံးမြို့နယ် ၂၀၁၄–၁၅ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ဟိုပုံး၊ ဇွန် ၄

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၆)၊ ပုဒ်မခွဲ(က)နှင့်(ဂ)တို့အရ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအင်အားစုများ၏ ပူးပေါင်းပါဝင်မှုကိုရယူပြီး၊ ပြည်သူတို့၏ လူမှု၊ စီးပွားရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားရေးကို ရှေးရှုဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ စသည်ဖြင့် ဖွဲ့စည်းနေပြီဖြစ်ကြောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်ကပြောသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၂ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင် တက်ရောက်အမှာစကားပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၎င်းကနိုင်ငံတော်အစိုးရအနေနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာရေးအတွက် နှစ်ရှည်နှစ်တို နှစ်စဉ်စီမံကိန်းများရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းသည် ရှမ်းပြည်နယ်လွှတ်တော်နဝမပုံမှန်အစည်းအဝေးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေ သန္တရစီမံကိန်းဥပဒေ (၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်-၁)ဖြင့် အတည်ပြုပြဋ္ဌာန်းပေးလိုက်သည့် ဒေသန္တရစီမံကိန်းရည်မှန်းချက်များဖြစ်ကြောင်း ၎င်းက အမှာစကားတွင် ထည့်သွင်းပြောသည်။

စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးအတွက် ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားကြရန်နှင့် ဆောင်ရွက်စဉ်ကာလအတွင်း အခက်အခဲများတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီများ၊ ပူးပေါင်းပါဝင်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားသည်။

၎င်းနောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို ပေးအပ်ရာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ဌာနဆိုင်ရာများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများအတွက် ပတ္တမြားနဂါးကုမ္ပဏီမှ ကိုယ်စားလှယ်ထံသို့လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့မ(၆)ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ကြောင်းသိရသည်။ **မြို့နယ်ပြန်/ဆက်**

ဘိန်းအစားထိုးသီးနှံမျိုးစေ့များညောင်ရွှေ၌ပေးအပ်

ညောင်ရွှေ၊ ဇွန် ၄

ရှမ်းပြည်နယ်အတွင်း ညောင်ရွှေမြို့နယ်ရှိ တောင်သူလယ်သမားများ လူနေမှုဘဝတိုးတက်စေရန်အတွက် ဘိန်းအစားထိုးသီးနှံ မျိုးစေ့နှင့်ပျိုးပင်များကို ဇွန် ၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် တောင်သူလယ်သမားများ ဘိန်းစိုက်ပျိုးဒေသများတွင် ဒေသနှင့်ကိုက်ညီမှုရှိပြီး ဝင်ငွေရသီးနှံများ အစားထိုးရွေးချယ်စိုက်ပျိုးစေရေးအတွက် ရည်ရွယ်ကြောင်းသိရသည်။

အဆိုပါ ရှမ်းပြည်နယ်အတွင်းရှိ တောင်သူများမှာ မိုးစပါးစိုက်ပျိုးရာတွင် မျိုးခက်ခဲမှုမရှိစေရန်နှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးသည့် အလေ့အထကောင်းများ ရရှိစေရန်အတွက် ဘန်းပြင်၊ စံကား၊ အင်းတန်းကျေးရွာအုပ်စုရှိ လယ်ဧက ၁၃၀ အတွက် ပုလဲသွယ်စပ်မျိုးစပါး ၁၀၄၀ ကီလို၊ ဘန်းပြင်ကျေးရွာအုပ်စုတွင် ဧက ၉ ဒသမ ၆၄ ဧကအတွက် နှစ်ရှည်နဂါးမောက် မျိုးသန့်ပျိုးပင် ၂၀၂၅ ပင်ကို ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပြောသည်။

ထို့ပြင် စံကားကျေးရွာအုပ်စုတွင် လယ်မြေတစ်ဧကနှင့် ဘန်းပြင်ကျေးရွာအုပ်စုတွင် လယ်မြေတစ်ဧကတို့ကို မိုးစပါးအထူးစံပြကွက်များအဖြစ် ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးပြသသွားမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်

သတင်းတို

ဒလ အောင်ဇေယျဈေး ရှေ့၌ ဆိုင်ကယ်မှောက်

ဒလမြို့နယ် ဗညားဒလရပ်ကွက်၊ တွင် မေ ၃၀ ရက် ညနေ၅နာရီက အောင်ဇေယျဈေးဘက် (အနောက်မှအရှေ့ဦးတည်ရာ) သို့ စန်းသူ အုံကြီးအရှေ့ရပ်ကွက်နေသူမောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေသူ ကိုကိုလွင် (၁၆) နှစ် စီးနင်းလိုက်ပါလာသော NEWAISA-125 အမျိုးအစား၊ ဆိုင်ကယ်သည် ဈေးရှေ့အရောက်တွင် အရှိန်မထိန်းနိုင်သဖြင့် တိမ်းမှောက်ခဲ့ပြီး ကိုကိုလွင်တွင် ဝဲတံတောင်ပွန်း၊ ဘယ်ဒူးပွန်း ဒဏ်ရာများဖြင့် ဒလဆေးရုံတွင် ပြင်ပလူနာအဖြစ်လည်းကောင်း၊ ဆိုင်ကယ်မောင်းသူ စန်းသူတွင် နဖူးဝဲဘက် ပွန်းစုတ်၊ ဝဲ/ယာ မျက်လုံးအောက်ပွန်းစုတ်(ဦးခေါင်းပိုင်းဒဏ်ရာ) များနှင့် ယာပခုံး၊ တံတောင်ပွန်းစုပ်ဒဏ်ရာများရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ခဲ့ရပြီး မေ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ထိုအမှုအား ဒလမြို့မရဲစခန်းက ယာဉ် (ပ)၁၀/၂၀၁၄ နှင့် ပြစ်မှုပုဒ်မ ၃၀၄-က/၃၇၇ဖြင့် အရေးယူစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သန်းဌေး(ဒလ)

မြင်းခြံမြို့နယ်ရေသွင်းနှမ်းဖြူများစိုက်ပျိုးအောင်မြင်

မြင်းခြံ၊ ဇွန် ၄

မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာအုပ်စုရှိ ကျေးရွာများတွင် ယခုအခါ ရေသွင်းနှမ်း(နှမ်းဖြူ)ကို အများအပြားစိုက်ပျိုးကြကြောင်းသိရသည်။

လေးအိမ်တန်းကျေးရွာအုပ်စုသည် ဧရာဝတီမြစ်ရေတက်ပါက ရေဝင်သည့်ဒေသဖြစ်ပြီး ထိုကျေးရွာများတွင် တစ်နှစ်လျှင် နှစ်သီးစားစိုက်ပျိုးကြောင်း၊ ပထမသီးနှံမှာ CP ပြောင်းစိုက်ပျိုးကြောင်း၊ ထိုသီးနှံမှာ လေးလခန့်ကြာ၍ ရေခြောက်ကြိမ်ခန့်တင်ရကြောင်း၊ CPပြောင်းစိုက်ပြီးလျှင် ယခုရေသွင်းနှမ်း(နှမ်းဖြူ) ကို အဓိကထား စိုက်ပျိုးကြကြောင်းသိရသည်။

ရေသွင်းနှမ်းစိုက်ရာတွင် ရေလေးကြိမ်သာ တင်ရကြောင်း၊ တစ်ဧက ၁၅ တင်းခန့်ထွက်ရှိကြောင်း တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် နှမ်းဈေးသည် တစ်ပိဿာလျှင် ၅၅၀ ကျပ်ခန့်ရှိ၍ ဈေးနှုန်းကောင်းရ၍ နှမ်းစိုက်တောင်သူများ အကျိုးကျေးဇူး ခံစားရကြောင်းကိုလည်း ပြောပြခဲ့သည်။

ဇော်မင်းနိုင်(မြင်းခြံ)

ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သူများအားအရေးယူ

နေပြည်တော်၊ ဇွန် ၄

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ(ဘီ)ရပ်နေ ဒေါ်သန်းညွန့်(၆၇)နှစ်၏နေအိမ်၌ ပြည့်တန်ဆာများထားရှိပြီး ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေကြောင်း မေ ၃၀ ရက် ညနေ ၅ နာရီတွင် သတင်းအရ မကွေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များက သက်သေများနှင့် အတူ ဝင်ရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ နေအိမ်အပေါ်ထပ်အိပ်ခန်းတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နေ အသက်၂၀ အရွယ် အမျိုးသမီးနှင့် အမျိုးသားတစ်ဦးကိုလည်းကောင်း၊ နေအိမ်အောက်ထပ် နောက်ဖေးအဖီတွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နေ ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးကိုလည်းကောင်း ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေစဉ် တွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် ဒေါ်သန်းညွန့် ပါသုံးဦးတို့အား မကွေးမြို့မရဲစခန်းက (ပ)၁၄၇/၂၀၁၄၊ ပြည့်တန်ဆာပပျောက်ရေးဥပဒေ ပုဒ်မ ၅(၁)/၈(က)/၃(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား

POST ဝင်ခွင့်သင်တန်း
Tel: 09420129333

Two Stars အဝေးသင်
09310444039

လူနှင့်လှည်းပါ နားခိုနိုင်သည့် နှစ် ၂၀၀ ခန့်သက်တမ်းရှိ တောင်ဦးရွာက ဇရပ်ကြီး

ရေစကြို၊ ဇွန် ၄

ရှေးရှေးက ကျွန်ုပ်တို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များသည် ဘာသာတရားကို အလွန်ပင် တန်ဖိုးထားလေးစား လိုက်နာကျင့်သုံးခဲ့ကြသည်။ ဗုဒ္ဓဘာသာ၏ အဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင် လုပ်ကိုင်လေ့ရှိကြသည်။ လူအများကို အကျိုးပြုသည့် ကုသိုလ်အလုပ် အမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။

ထိုအရာများက ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ဂုဏ်ယူလေးစား အတုယူဖွယ်ရာများ အဖြစ် ယနေ့တိုင်တွေ့မြင်နေရဆဲဖြစ်သည်။

အဆိုပါအလုပ်များမှာ ဘုရားများတည်ထားကိုးကွယ်ခြင်း (ဥပမာ-ပုဂံဒေသရှိ ဘုရား၊ ပုထိုး၊ စေတီများ)၊ ကျောင်းများဆောက်လုပ်လှူဒါန်းခြင်း (ဥပမာ-အတုမရှိကျောင်းတော်ကြီး)၊ ရေတွင်း၊ ရေကန်များ တူးဖော်လှူဒါန်းခြင်း (ဥပမာ-သီရိမင်္ဂလာသောကမင်းကြီး၏ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ အနော်ရထာမင်းကြီး၏ မိတ္ထီလာကန်)၊ တံတားဆောက်ခြင်း (ဥပမာ-ဦးပိန်တံတား)၊ လမ်းဖောက်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ သောက်ရေအိုးစင်တည်ခြင်း စသည်ဖြင့် လူနှင့်သတ္တဝါများ၏အကျိုးအတွက် ရည်ရွယ်လုပ်ဆောင်မှုများသည် အားကျအတုယူဖွယ်ရာများဖြစ်ကြပါသည်။

အထူးသဖြင့် အညာဒေသတွင် တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာရာလမ်းတစ်လျှောက် ရာသီဥတုပူပြင်း၍ ဖြစ်စေ၊ မိုးရွာသွန်း၍ဖြစ်စေ ခရီးသွားများနားခိုစရာ ဇရပ်များဆောက်လုပ်ထားသည်ကို နေရာအနှံ့အပြားတွင် ကြီးကြီးသေးသေး အရွယ်အစားစုံကို တွေ့မြင်ရသည်။ ရှေးအခါက ခရီးသွားလာကြရာတွင် နွားလှည်းကိုသာ အားထားသွားလာကြရသဖြင့် လူရော နွားပါ နားခိုစရာ ဇရပ်ကြီးများ ဆောက်လုပ်လေ့ရှိသည်။ အိပ်စရာနေရာ၊ သောက်သုံးရန်ရေအပြင် သနပ်ခါး၊ ကျောက်ပျဉ်၊ မှန်၊ ဘီးကစ ထားပေးကြောင်းလည်း လေ့လာသိရှိရပြီး အညာကျေးလက်၏ ချစ်စရာအငွေ့အသက်ကို ယနေ့တိုင် တွေ့မြင်နေရဆဲပင်။

ထိုသို့ လှည်းရောနွားပါ လူနှင့်အတူ နားခိုနိုင်သည့် လွန်ခဲ့သော နှစ် ၂၀၀ ခန့်က တိုင်လုံးပေါင်း ၆၃ တိုင်နှင့် ဆောက်လုပ်ထားခဲ့သော ဇရပ်ကြီးမှာ ရေစကြိုမြို့နယ် တောင်ဦးရွာတွင် ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။

အဆိုပါဇရပ်ကြီးမှာ တောင်ဦးကန်နှင့် ဖောင်တော်ဦးစေတီအကြား ပန်းတင့်စွာ ဆောက်လုပ်ထားပြီး ဇရပ်အလှူရှင်မှာ ဦးရွှေရံ-ဒေါ်ဆင်တို့ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

"ကျွန်တော့နာမည်က သန်းထွန်းဦးလို့ခေါ်ပါတယ်။ အသက် ၅၄ နှစ်ရှိပါပြီ။ ဦးရွှေရံ-ဒေါ်ဆင်တို့ရဲ့တီ တော်ပါတယ်။ လူကြီးတွေ ပြောသံကြားဖူးတာကတော့ ရှေးတုန်းက လှည်းခေတ်ဖြစ်တဲ့အတွက် ထနောင်းကလှ၊ ထန်းတပင်၊ ကံကြီးတော၊ ကွမ်းတော စတဲ့ရွာတွေက ဒီတောင်ဦးရွာကိုဖြတ်ပြီး အရောင်းအဝယ်သွားကြသလို မုံရွာက အိုးအမျိုးမျိုးကို ဝယ်ယူ၊ သယ်ယူရာမှာလည်း ဖြတ်သန်းသွားလာကြပြီး ဒီဇရပ်ကြီးမှာပဲ နားကြတယ်၊ ချက်ပြုတ်စားကြတယ်။ အိပ်ကြတယ်လို့ ဆိုပါတယ်။ ဇရပ်က အကြီးကြီးဆိုတော့ လှည်းဆယ့်လေးငါးစီးကတော့ ချောင်ချောင်လည်လည် နားလို့ရတယ်။ ထနောင်ကလှဘက်က တောင်ဦးကန်မှာ ရေလာခပ်ရင်းလည်း ခေတ္တနားကြတယ်လို့ ဆိုပါတယ်။ တိုင်အချို့နဲ့ အမိုးတွေ ပျက်စီးလို့ပြင်ရတာ နှစ်ကြိမ်ရှိပြီလို့လည်း သိရပါတယ်"ဟု ဇရပ်ကြီးနှင့် ပတ်သက်ပြီး ပြောပြသည်။

ဤသို့အားဖြင့် ဗုဒ္ဓဘာသာ၏ အဆုံးအမနှင့် အညီ ပြုမူနေထိုင် လုပ်ကိုင်မှုများသည် လူနှင့် သတ္တဝါအများ၏အကျိုး ရည်ရွယ်သယ်ပိုးလုပ်ဆောင်ခြင်းဖြစ်၍ ယနေ့အထိ အကျိုးရှိနေပါသည်။

ဤသည်များကို မျက်မှောက်ကာလ လူငယ်၊ လူရွယ်များ အတုယူကြရမည်ဖြစ်သလို အစွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲနေစေရန်အတွက်လည်း ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်ပေသည်။

ဖေထွဏ်းဇော်(ရေစကြို)

မိတ္ထီလာကန် သောက်သုံးရေသန့်ရှင်းရေး၊ကန်သာယာလှပရေး၊ ကန်ဆည်ရေး ကိစ္စများဆွေးနွေး

မိတ္ထီလာ၊ ဇွန် ၄

မြန်မာ-နယ်သာလန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ရေအရင်းအမြစ်ဘက်စုံစီမံ အသုံးချမှုဆိုင်ရာ မဟာဗျူဟာလေ့လာရေးအဖွဲ့က ကြီးမှူးကျင်းပသော မိတ္ထီလာဒေသ ရေအရင်းအမြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး (Work Shop Meiktila Integrated Water Resources Management)အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁ ရက်က မိတ္ထီလာ၊ ဝန်ဇင်းဟိုတယ်တွင် ကျင်းပသည်။

ထို့နောက် (Integrated Water Resources Management (IWRM) Strategy Study Team) တာဝန်ခံ MR. PAUL VAN MEEL က အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်အားဆွေးနွေးခဲ့သည်။

ထို့ပြင်မိတ္ထီလာကန်ကြီး ရေကောင်းရေသန့် ရရှိရေး၊ကန်တော်ကြီးသာယာလှပရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မိတ္ထီလာကန်တော်ကြီးဆယ်ဖို့ရေးလုပ်ငန်းများ စာရင်းဇယားများပြုလုပ်ကာ နိုင်ငံတော်ဝန်ကြီးဌာနများနှင့် နယ်သာလန်ဝန်ကြီးချုပ်တို့ ပူးပေါင်း၍ အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တင်ပြဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲတွင် မိတ္ထီလာကန်တော်ကြီး ဆည်ဖို့ ပြုပြင်ရေးအတွက် နိုင်ငံတကာ အကူအညီများရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးသည်။

မိတ္ထီလာဒေသ ရေအရင်းအဖြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့ခေါင်းဆောင် MR. PAUL VAN MEEL နှင့် အဖွဲ့ဝင် ခြောက်ဦးတို့က မိတ္ထီလာကန်တော်ကြီး ပြုပြင်ရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်၊ ဆည်မြောင်းထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ ဆည်မြောင်းထိန်းသိမ်းရေး ဦးစီးအရာရှိ ဦးတင့်လွင်တို့က မိတ္ထီလာကန်သမိုင်းနှင့် မိတ္ထီလာကန်သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် မိတ္ထီလာကန်တော်ကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့သုံးဖွဲ့ခွဲ၍ မိတ္ထီလာကန်ပြုပြင်ရေးလုပ်ငန်းများကို ရေနှင့်အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်း၊ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းနှင့် လူမှုစီးပွား လုပ်ငန်းခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးတင်ပြချက်များကို တစ်ဖွဲ့ချင်းက ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြသည်။

တင်လှိုင်(မိတ္ထီလာ)

တနင်္သာရီမြို့တွင် လမ်းပခုံးကျောက်စီခြင်းအား ကိုယ့်အားကိုယ်ကိုးဆောင်ရွက်

တနင်္သာရီ၊ ဇွန် ၄

မင်္ဂလာကြီးလမ်းပေါ်တွင် ကိုယ့်အားကိုယ်ကိုး လမ်းပခုံးသားကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

တနင်္သာရီမြို့ မင်္ဂလာကြီးလမ်း ရဲစခန်းအရှေ့မျက်နှာစာမှကျန်းမာရေးလမ်းအကွေ့အထိ ကွန်ကရစ်လမ်းသည် ၁၂ ပေသာအကျယ်ရှိ၍ ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများ ခက်ခဲစွာရှောင်ရှားနေရသည့်အပြင် မြို့အင်္ဂါရပ်နှင့်မညီညွတ်သည့်အတွက်ကြောင့် နိုင်ငံတော်မှချထား ခွင့်ပြုငွေကို စောင့်ဆိုင်းနေစဉ်အတွင်းကိုယ့်အားကိုယ်ကိုး အလှူငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပြည်သူအများ ခရီးသွားလာမှုလွယ်ကူစေရေး၊ အန္တရာယ်ကင်းရှင်းစေရေးရည်ရွယ်လျက် တနင်္သာရီတိုင်းဒေသကြီး၊တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအင်ကိုတို့ ဦးဆောင်လျက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်၊ စေတနာရှင်အလှူရှင်များ ထည့်ဝင်ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျခံကာ ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုးလျက် အလှူရှင်များထည့်ဝင်ငွေဖြင့်ပင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဦးအင်ကိုက ပြောသည်။

ယခုဆောင်ရွက်လျက်ရှိသည့် လမ်းပခုံးကျောက်စီခြင်းလုပ်ငန်း (ပေ ၃၀၀× ၃ ပေ × ၉ လက်မ) အား မေ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ပြီးစီးပါကခရီးသွားပြည်သူများ၊ ယာဉ်မောင်းသူများ၊ မော်တော်ဆိုင်ကယ်မောင်းသူများအတွက် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ အလှူငွေများထပ်မံရရှိပါက လမ်းကျဉ်းနေသေးသည့် ကျန်းမာရေးလမ်းတစ်လျှောက်ကို လမ်းပခုံးတင်ကျောက်စီခြင်းလုပ်ငန်းကို ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ဆက်လက်ဆောင်ရွက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထိန်ဝင်း(ပြန်/ဆက်)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၁/၂၀၁၄)

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အားသစ် DTEC-10
Daily 12:30-4:00(pm)
Daily 12:30-4:00(pm)
09 500 1599, 09 8632973, 09 73172556

ပျောက်ဆုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရေဦးမြို့ မ-စ-က ဒုတိယအကြိမ် ထောက်ပံ့ငွေနှင့် ဆုကြေးငွေများ ပေးအပ်လှူဒါန်း

ရေဦး၊ ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီ၏ ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဦးညိုဝင်း၊ ဦးစိုးတင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌဦးမောင်မောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံဌေး၊ အတွင်းရေးမှူး ဦးထင်လင်းဦး၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်ဌာနဆိုင်ရာအကြီး အကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မ-စ-က ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် ကော်မတီဝင်များ၊ ယာဉ်မှူး၊ ဂိတ်မှူးနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ကြသည်။

အမှတ်(၁) မဲဆန္ဒနယ်မြေ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းက မြို့နယ် မ-စ-က ကော်မတီအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနေပြီး ဥပဒေ၊ နည်းဥပဒေနှင့်အညီ တိတိကျကျလုပ်ကိုင်ကြရန် အရေးကြီးကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ငွေကြေးထက် ပိုမိုကောက်ခံခြင်း၊ တောင်းယူခြင်းမျိုး မပြုကြရန်၊ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ယာဉ်များကိုလည်း စိစစ်အရေးယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်တာဝန်ရှိသူများက အ-ထ-က(၁) ကျောင်းဆောင်သစ် လျှပ်စစ်မီးတပ်ဆင်အသုံးပြုနိုင်ရန် ငွေကျပ် ၁၀ သိန်း၊ အ-ထ-က(၂) ခန်းမဆောင်အသစ် လျှပ်စစ်မီးတပ်ဆင်ရန် ငွေကျပ်သိန်း ၂၀၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ကားထားရှိရန် အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း၊ ရေဦးမြို့နယ် ပေါ်ကျေးရွာ သုံးရေတွင်းတူးဖော်ရန် ငွေကျပ်သိန်း ၂၀၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေး လိုအပ်သောနေရာတွင် အသုံးပြုရန် ငွေကျပ်ခုနစ်သိန်းကိုး သောင်းကျော်၊ရေဦးမြို့အခြေစိုက် ပုဂ္ဂလိကမော်တော်ယာဉ်အသင်း ငါးသင်းအား နှစ်ပတ်လည်ဆုကြေးငွေကျပ် ၉၀၅၀၀၀၊ ဝန်ထမ်းများ၊ ယာဉ်မှူးနှင့်ယာဉ်နောက်လိုက်များအတွက် နှစ်ပတ်လည်ဆုကြေးငွေကျပ် ကိုးသိန်းနှင့် မ-စ-က ကော်မတီများအား ဆုကြေးငွေကျပ် ၁၈သိန်းတို့ကိုပေးအပ်ခဲ့သည်။

သန်းထိုက်(ရေဦး)

ရှာငံမြို့တွင် ရွှေသံလွင်စိုက်ပျိုးရေးကုမ္ပဏီမှ ပြန်လည်စွန့်လွှတ်သည့် ယာမြေများအား တောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေး

ရှာငံ၊ ဇွန် ၄

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်တွင် ရွှေသံလွင် စိုက်ပျိုးရေးကုမ္ပဏီမှ ပြန်လည်စွန့်လွှတ်သည့် ယာမြေများအား တောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧည့်ရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က လယ်ယာမြေ ပြန်လည်အပ်နှံခြင်းနှင့် မြေအသုံးချမှုဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအတွင်းရေးမှူး ဦးမာတူးက ပြန်လည်အပ်နှံသည့် ယာမြေများအား ယခုမိုးရာသီတွင် တောင်သူများ အချိန်မီ သီးနှံများစိုက်ပျိုးရန်နှင့် ယာယီလုပ်ပိုင်ခွင့်လက်မှတ်များ ပေးအပ်ခြင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

၎င်းကုမ္ပဏီမှ ပြန်လည်စွန့်လွှတ်သည့် ယာမြေများမှာ ဧက ၁၅၀ ရှိပြီး တပ်ကုန်းနှင့် ညောင်ကုန်းကျေးရွာများမှ တောင်သူ ၅၃ ဦးအား ပြန်လည်စွန့်လွှတ်ခဲ့၍ မြေသိမ်းဆည်းခံရသူများမှ မိမိလုပ်ကိုင်ခွင့် ရရှိခဲ့သောမြေအား ယာမြေအဖြစ်အသုံးပြုရန်အတွက် လျှောက်လွှာပုံစံများအား တစ်နေရာတည်းတွင် အပြီးထုတ်ပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရှာငံ)

ဒလမြို့နယ် မိခင်နှင့်ကလေး သားဖွားဆရာမများ ပိုးလောက်လမ်းကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်

ဒလ၊ ဇွန် ၄

ရန်ကုန်တောင်ပိုင်းခရိုင်၊ ဒလမြို့နယ် ကျန်းမာရေးဦးစီးဌာနက ယခုနှစ်မိုးဦးကျကာလတွင် ရပ်ရွာပြည်သူများ သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရန် အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက် နံနက်ပိုင်းက မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ သားဖွားဆရာမများသည် သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ပိုးလောက်လမ်းကင်းရှင်းစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးထည့်ခြင်းလုပ်ငန်းများကို မိမိတို့ဌာနနယ်မြေရပ်ကွက်များ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ခံဆရာမနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးငွေ၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြို့မ(၂) ရပ်ကွက်ရှိ နေအိမ်များ၌ ပန်းအိုး၊ ညောင်ရေအိုးများလဲလှယ်ပေးခြင်း၊ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ အုတ်ကန်၊ရေစည်၊ရေကန်များတွင် အဘိတ်ဆေးထည့်ခြင်းနှင့် ခြင်မပေါက်ပွားနိုင်အောင် ဆောင်ရွက်ရမည့် ကျန်းမာရေးအသိပညာပေးသိကောင်းစရာများကို ပြောကြားခဲ့သည်။အလားတူဘုရင့်နောင်ရပ်ကွက်၌ တစ်အိမ်ဝင် တစ်အိမ်ထွက်ပိုးလောက်လန်းကင်းရှင်းစေရေး ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနရှိ ဒေသန္တရကျန်းမာရေးဌာန၊ ညောင်ကုန်းကျေးလက်နှင့် ရခိုင်ချောင်ကျေးလက် ကျန်းမာရေးဌာန၊ ပျော်ဘွယ်ကြီးတိုက်နယ်ဆေးရုံနယ်မြေများတွင်လည်း ဆောင်ရွက်ခဲ့ကြပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

သန်းဌေး(ဒလ)

မြစိမ်းရောင်ကျေးရွာစီမံကိန်း နှစ်စဉ်တိုးချဲ့ဆောင်ရွက်မှုကို NGO များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

ရန်ကုန်၊ ဇွန် ၄

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ပထမခြေလှမ်းအဖြစ် စတင်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းအား နှစ်စဉ်တိုးချဲ့ဆောင်ရွက်မှုကို NGO, INGO များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ချင်းပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဝင်းက ပြောကြားသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်သည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းတွင် မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၆၄၉၁၇ ရွာမှ ကျေးရွာပေါင်း ၁၁၅၀ ကို ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ငွေအဖြစ် ကျပ်သိန်း ၃၀၀ စီ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး အဆိုပါထောက်ပံ့ငွေများအား ကျေးရွာတွင်း နေထိုင်သူများမှ စီမံခန့်ခွဲနိုင်သူကို မဲပေးဆုံးဖြတ်ရွေးချယ်၍ ကော်မတီဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ချင်းပြည်နယ်မှာ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၄ ရွာမှာ စတင်အကောင်အထည်ဖော်မယ်။ အဲဒီစီမံကိန်းကို မတူပီ၊ ပလက်ဝ၊ တွန်းဇံ၊ ဟားခါး၊ ဖလန်း၊ မင်းတပ်မြို့တွေမှာရှိတဲ့ ကျေးရွာတွေပါမယ်”ဟု ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဝင်းက ပြောသည်။

လက်ရှိအချိန်တွင် အဆိုပါ ထောက်ပံ့ငွေကြေးများ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ရန် ကျေးရွာ ၂၄ ရွာမှ တစ်ရွာလျှင် နှစ်ဦးစီနှင့် မြို့နယ်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စုစုပေါင်း ၇၀ ဦးအား မြစိမ်းရောင်စီမံကိန်းဆရာဖြစ်သင်တန်း ဖွင့်လှစ်လျက်ရှိနေကြောင်း ၎င်းက ပြောသည်။

ချင်းပြည်နယ်တွင် မြို့နယ် ကိုးမြို့နယ်၊ မြို့နယ်ခွဲ လေးမြို့နယ်၊ ကျေးရွာအုပ်စုပေါင်း ၄၇၀ နှင့် ကျေးရွာပေါင်း ၁၄၀၈ ရွာရှိပြီး လူဦးရေ၏ ၇၈ ဒသမ ၃၁ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြောင်း ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ ပြည်နယ်ခွဲနှစ်ခု၊ ခရိုင် ၆၀၊ မြို့နယ် ၃၃၀ နှင့် ကျေးရွာပေါင်း ၆၄၉၁၇ ရွာရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတွင်း ဆင်းရဲနွမ်းပါးမှု ၃၁ ရာခိုင်နှုန်းအား လျှော့ချနိုင်ရန် အမျိုးသားရေး ရည်မှန်းချက်ဖြင့် ၂၀၁၅ တွင် ၁၆ ရာခိုင်နှုန်း လျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

တင်မောင်ဦး

ဘာသာပြန်သင်တန်း

S E V E N

S E V E N

Creation Strength Co., Ltd. မှ ကြီးမှူးကျင်းပသော
အရည်အသွေးမြင့်မားပြီး အထူးသက်သာသော ဈေးနှုန်းများဖြင့်
တစ်နေရာတည်းတွင် ကုန်ပစ္စည်းများစုံစုံလင်လင် ဝယ်ယူရရှိနိုင်မည်
INTERNATIONAL BRANDED SHOW (II)
အခွင့်ရေးကောင်းတစ်ခု လက်လွှတ်မဆုံးရှုံးရအောင် ဆက်ဆက်လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်လိုက်တယ်နော်...
နေ့ရက်- ၅.၆.၂၀၁၄ မှ ၈.၆.၂၀၁၄ အထိ
အချိန်- နံနက် (၉:၀၀) နာရီမှ ည (၆:၀၀) နာရီထိ
နေရာ- တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

နျူကလီးယားနည်းပညာသုံး လုပ်ငန်းနှင့် လုပ်ဆောင်မှု လိုင်စင်မဲ့လုပ်ကိုင်သူများ စစ်ဆေး တွေ့ရှိပါက ပြင်းထန်ထိရောက်စွာ အရေးယူသွားမည်

ရန်ကုန်၊ ဇွန် ၄

မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယားနည်းပညာအား ငြိမ်းချမ်းစွာအသုံးချနိုင်ရေးနှင့် အသုံးချမှုတွင် အများပြည်သူနှင့် ပတ်ဝန်းကျင်ကို ဓာတ်ရောင်ခြည်အန္တရာယ်ကင်းရှင်းနိုင်ရန် ရည်ရွယ်၍ နျူကလီးယားနည်းပညာသုံး လုပ်ငန်းများနှင့် လုပ်ဆောင်မှုများစစ်ဆေးရာတွင် စက်ပစ္စည်းများအား ပြည်သူများ သုံးစွဲရန်သင့်တော်ပါက ဌာနမှအသိအမှတ်ပြု တံဆိပ် (Sticker) များကပ်သွားမည်ဖြစ်ပြီး လိုင်စင်မဲ့သုံးစွဲနေသည်ကို တွေ့ရှိလျှင် ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနမှ သိရသည်။

နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တုကြွပစ္စည်းများနှင့် ဓာတ်ရောင်ခြည်ထုတ်ကိရိယာများကို ပြည်တွင်းသို့တင်သွင်းပြီး အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် စစ်ဆေးခံကာ မှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်ဖြင့် တရားဝင်လုပ်ကိုင်ရန် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်နှင့် ၁၈ ရက်တွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခု တတိယအကြိမ်မြောက် အသိပေးနှိုးဆော်ချက်အပြီး ထပ်မံစစ်ဆေးမှုများ ဆောင်ရွက်ပါက လိုင်စင်မဲ့ဓာတ်ရောင်ခြည်သုံးပစ္စည်းများ တွေ့ရှိလျှင် ၁၉၉၈ ခုနှစ် ဇွန် ၈ ရက် အတည်ပြုပြဋ္ဌာန်းခဲ့သော အဏုမြူစွမ်းအင်ဥပဒေဖြင့် ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်းကို အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများသို့ အကြောင်းကြားစာများ ပေးပို့သွားမည်ဟု သိရသည်။

"မကြာခင်ကာလကစပြီး နျူကလီးယားသုံးစွဲမှုနဲ့ပက်သတ်တဲ့ စစ်ဆေးမှုတွေမှာ Sticker တွေပါကပ်ပြီး အသုံးပြုသွားဖို့ စီစဉ်နေပါတယ်။ ဘယ်နေ့ ဘယ်ရက်တွေမှာ စစ်ပြီးတယ်ဆိုတာ စက်ကိုရော၊ ကိုင်တွယ်အသုံးပြုသူကိုပါ မှတ်တမ်းထားရှိမှာ ဖြစ်ပါတယ်။ X-ray စက်တွေကလည်း တရားဝင်အသုံးပြုဖို့ Registration Certificate လုပ်ပြီးသားဖြစ်ရပါမယ်။ Sticker ကပ်တယ်ဆိုတာ စစ်ဆေးပြီးကြောင်း အသိအမှတ်ပြုတာဖြစ်လို့ ဒီအမှတ်အသားမတွေ့ဘူးဆိုရင် ပြည်သူတွေအနေနဲ့တရားမဝင်သုံးစွဲနေတာတွေကို သိရှိပြီး အကြောင်းကြားနိုင်အောင် ပြည်သူတွေကို အသိပေးသွားမှာပါ။ လုပ်ငန်းလိုင်စင်ကိုလည်း အများပြည်သူသိမြင်တဲ့နေရာမှာ ချိတ်ဆွဲခိုင်းမှာပါ" ဟု သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ဓာတ်ရောင်ခြည်ကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နျူကလီးယားနည်းပညာသုံး ပစ္စည်းနှစ်မျိုးမှာ လူတို့တီထွင်ထားသော ဓာတ်ရောင်ခြည်ထုတ်ကိရိယာ (ဥပမာ-X-ray)နှင့် ရောင်ခြည်ထွက်ပင်ရင်း (ဥပမာ-Co-60) တို့ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာအသုံးပြုနေသော ကျန်းမာရေးဝန်ဆောင်မှုများ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စသည့်နယ်ပယ်များရှိကာ ထိုအထဲတွင်ကျန်းမာရေးဝန်ဆောင်မှုများမှာ နျူကလီးယားနည်းပညာသုံး စက်များအများဆုံး အသုံးပြုနေကြောင်းလည်း သိရသည်။

တည်ဆဲအဏုမြူစွမ်းအင်ဥပဒေအရ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တုကြွပစ္စည်းနှင့် ဓာတ်ရောင်ခြည်ထုတ်ကိရိယာများအား လိုင်စင်မရှိဘဲ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဌာနမှဆက်လက်သုံးစွဲရန်မသင့်ဟု သတ်မှတ်ထားသည်ကို ဆက်လက်၍လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းများမပြုလုပ်ရဟု တားမြစ်ထားကြောင်းသိရသည်။

ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ်အမြင့်ဆုံး ခုနစ်နှစ်၊ ငွေဒဏ်နှင့် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေနိုင်ပြီး လိုင်စင်ရှိသူဖြစ်ပါက ရာသက်ပန်လိုင်စင်ပိတ်သိမ်းသည်အထိပါ အရေးယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တုကြွပစ္စည်းများနှင့် ဓာတ်ရောင်ခြည်ထုတ်ကိရိယာများအား ဓာတ်ရောင်ခြည်ကာကွယ်ဌာနမှ စစ်ဆေးရာတွင် X-ray စက်များ ဓာတ်ရောင်ခြည်ထုတ်လွှတ်မှုပမာဏသည် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီမှ သတ်မှတ်ထားသော စံနှုန်းထက်ကျော်လွန်မှုရှိ-မရှိ စစ်ဆေးပေးခြင်းမျိုးလည်းရှိကြောင်း သိရသည်။

ထို့ပြင် ဓာတ်ရောင်ခြည်ထိတွေ့အသုံးပြုနေသူများအား ဓာတ်ရောင်ခြည်သင့်မှုမှ ကာကွယ်ပေးသော ခဲအင်္ကျီဝတ်ဆင်ထားမှုနှင့် ကျန်းမာရေးဌာနမှ အနိမ့်ဆုံးခံနိုင်ရည်အဆင့် ရောက်-မရောက်ပါ စစ်ဆေးပေးပြီး တချို့ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုပေးသော ကုမ္ပဏီများတွင် X-ray စက်ကိုင်တွယ်အသုံးပြုသူအား ဓာတ်ရောင်ခြည်ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျသင်ကြားထားသော ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ Certificate ရသူများအား တာဝန်ပေးအပ်ခြင်းမရှိဘဲ ပညာအရည်အချင်းအထက် အတန်းမအောင်သူများအား ခန့်အပ်တာဝန်ပေးထားခြင်းမျိုး တွေ့ရှိရကြောင်းလည်း သိရသည်။

"ဓာတ်ရောင်ခြည်ကာကွယ်ရေးသင်တန်းနဲ့ ပတ်သက်လို့ ဒီဌာနအနေဖြင့် တပ်မတော်သူနာပြုတက္ကသိုလ်နဲ့ ရန်ကုန်၊ မန္တလေးတို့မှာရှိတဲ့ ဆေးဘက်ပညာသင်တက္ကသိုလ်တွေမှာ ပုံမှန်သင်တန်းများ ပေးနေပါတယ်။ ၂၀၀၅ ခုနှစ်မှာတော့ ကျန်းမာရေးဝန်ဆောင်မှုတွေက နျူကလီးယားဒြပ်ပစ္စည်းတွေ ထိတွေ့အသုံးပြုတဲ့နေရာမှာ ဘေးကင်းစေဖို့ အစိုးရဆေးရုံ၊ ဆေးခန်းကဝန်ထမ်းတွေနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေက ပြည်သူတွေကိုပါ သင်တန်းပေးခဲ့သလို အခုလည်း သင်တန်းပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ နောက်ပိုင်းမှာ စက်မှုလုပ်ငန်း (Industrial) နဲ့ပတ်သက်ပြီးတော့ သင်တန်းပေးနိုင်ဖို့ စီစဉ်နေပါတယ်" ဟု သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ဓာတ်ရောင်ခြည်ကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိမြန်မာနိုင်ငံအတွင်း ဓာတ်ရောင်ခြည်ကာကွယ်ရေးဌာနမှ သုံးစွဲခွင့်လိုင်စင်ချထားသော ဓာတ်ရောင်ခြည်ထွက်ပင်ရင်း စုစုပေါင်း ၅၀၀ ဝန်းကျင်ခန့်နှင့် ဓာတ်ရောင်ခြည်ထုတ်ကိရိယာ စုစုပေါင်း ၈၀၀ ကျော် ရှိနေပြီဖြစ်သော်လည်း တချို့သော ပုဂ္ဂလိကကုမ္ပဏီများမှာ အဏုမြူစွမ်းအင်ဥပဒေအား ချိုးဖောက်၍ မိမိအကျိုးစီးပွား ရှေ့တန်းတင်ကာ အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်အန္တရာယ်ကင်းရှင်းမှုကို လျစ်လျူရှုလျက်လုပ်ကိုင်လာသည်ကို တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအား လက်ခံခြင်း၊ ဌာနမှစုံစမ်းလေ့လာခြင်းမှတစ်ဆင့် တွေ့ရှိထားကြောင်းသိရသည်။

စိုးအောင်ဖေ

သတင်းတို

ယာဉ်မောင်းအိပ်ငိုက် လမ်းဘေးရှိသစ်ပင်တိုက်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ငွေးပင်-ရေနံချောင်းကားလမ်း၊ မိုင်တိုင်အမှတ်(၃၈၀/၅)၊ ဇီးချိုပင်ရွာအနီး မေ ၃၀ ရက် နံနက် ၅ နာရီ ၄၅ မိနစ် တွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်းသတင်းအရ ငွေးပင်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ငွေးချိုမှငွေးပင်ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်နေ ညီညီကျော် ၃၄ နှစ် မောင်းနှင်လာသော တိုယိုတာကိုရိုလာအဖြူရောင်ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်း၏ယာဘက်ရှိ ထနောင်းပင်အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုသို့တိုက်မိမှုကြောင့် ညီညီကျော်တွင် ဝဲခြေသလုံးဖူးရောင်ဒဏ်ရာနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ၎င်း၏ဇနီးဖြစ်သူ မခင်ဖြူလတ် ၂၁ နှစ်တွင် ဦးခေါင်းပေါက်ပြဲ၊ ခါးဖူးရောင်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ညီညီကျော်အား ငွေးပင်နယ်မြေရဲစခန်း ယာဉ်(ပ)၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကွန်ကရစ် တံတားသစ်သုံးစင်းဖွင့်

ပင်လုံ၊ ဇွန် ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်၊ ပင်လုံမြို့နယ်ခွဲ၊ စနင်းကျေးရွာအုပ်စုတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ရန်ပုံငွေနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ကွန်ကရစ်တံတားသစ်သုံးစင်း ဖွင့်ပွဲအား ဇွန် ၁ ရက် နံနက်ပိုင်းက အဆိုပါတံတားများတွင် ကျင်းပရာ လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်၊ ပင်လုံမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်/မြို့နယ်ခွဲရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ စနင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံရွာသူ ရွာသားများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အဆိုပါတံတားသစ်သုံးစင်းအား လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ဝင်းမင်းသန်း(ပြန်/ဆက်)

ဆရာမိုး Follow Me Ph.D (USA)
တန်းခွဲသစ် လက်ခံပြီ။
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1)
Essay, Letter
June 7
4 SKILLS Level(1,2,3) Dip ESL (USA)
ENGLISH 4 SKILLS DISTANCE LEARNING
CD, DVD LEVEL 1,2,3 Dip ESL(USA)
SPEAKING ၄၊လ
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
0943125393
01 398118, 295798

(N.G.E.S) အင်္ဂလိပ်စာ
ပုံမှန် တန်းခွဲများ

LCCI-EDI (UK)
LCCI Level 1-2-3
AutoCount & MYOB Computerised Accounting

ကြော်ငြာ

ရှုပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဇွန်လ ၂၁-၂၂၊ (၃၆)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသပေးမည့် အလှူဒါနပါဝင်လှူဒါန်းနိုင်

ရှုပြည်ဟိန်း ... KBZBank(AccountNo.00730200701690301)နှင့် ...

ဒသမမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်သုန္ဒရ၏ (၅၉)နှစ်မြောက် မွေးနေ့မင်္ဂလာဖိတ်ကြားလွှာ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် သဃ်န်းကျွန်းမြို့နယ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ပဓာနနာယက ဒသမမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်သုန္ဒရ၏ (၅၉)နှစ်မြောက် မွေးနေ့မင်္ဂလာကို (၁၃၇၆ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်) ၈-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၁၀နာရီမှ ၁၂ နာရီအထိ ဧည့်ခံကျွေးမွေးပြီး မွန်းလွဲ ၁၂း၃၀နာရီတွင် မွေးနေ့မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်ကြည်ညိုနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသောစေတနာရှင်များ ဖုန်း-၅၆၄၆၅၄၊ ၀၉-၅၅၀၀၄၂၉ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အဖွဲ့
စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်
၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်

ပုလဲရတုမင်္ဂလာသုတောင်း

(၅.၆.၂၀၁၄) တွင်ကျရောက်သော ဖေဖေ ဦးအောင်မြင့်နှင့် မေမေ ဒေါ်ချိုချိုလွင် (**ထူး-အထူးကုဆေးခန်းဆေးဆိုင်၊ ကျောက်ဆည်မြို့**) တို့၏ (၃၀)နှစ်မြောက် **ပုလဲရတုလက်ထပ်မင်္ဂလာ** ရက်မြတ်မှသည် ရတုပေါင်းများစွာ ပိုင်ဆိုင်ပြီး ချစ်သားသမီးများနှင့်အတူ လောကီ လောကုတ္တရာအကျိုး ဆတိုးသယ်ပိုး နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

သမီးကြီး - Dr. ဝတ်ရည်နှင်း (M.B.,B.S)(Ygn) M.D. (U.S.A)Interfaith Medical Center (N.Y)
သမီးငယ် - Dr. ငုဝါချို (M.B.,B.S) (Ygn)
သားကြီး - Dr. ထွန်းမြတ်နိုင် (M.B.,B.S) (Ygn), Director (Estate Myanmar Co.,Ltd.)
သားငယ် - မောင်မြတ်ကောင်းထက်ဇော် Final Part II U.M. (1)

NELC
Don't Worry, Just Speak !!!
NELC Nelson English Language Centre
PRE SCHOOL Age 3-5
YOUNG LEARNERS Age 6-15
Regular Class - Sat,Sun
ADULTS Over 16
Intro
Level 1,2,3
Listening/Speaking-1
IELTS (Foundation)
Opening in June
Enroll now
Myaynigone 01-526311, 516881, 526380; Bo Aung Kyaw 01 256516, 256517; Aung Tha Pyay 01 501947/09 8612639; Yankin 01 8550727, 8550728

Rigel Training & Consultancy
No-(29-A) First Floor, Zeyarthiri st, Hledan, Kamaryut. Ph: 0943029488, 0973131096
Email : info@rigeltraining.com
Crafting Human Resources
➤ Computer Programming for Beginners
• Programming Concept
• VB.NET Programming
➤ Web Design Course
• HTML 5 • CSS 3 • JavaScript • JQuery • C-Panel Usage • Domain Name System
PHP Programming
• PHP MySQL
• Ajax with PHP
• Practical Project
ASP.NET using C#
• ASP.Net Programming
• MSSQL 2008 • ADO.Net and LINQ
• ASP.Net Ajax • Practical Project
CMS Courses : Wordpress, Joomla, Drupal

IGCSE
MATHEMATICS
Ph:09-73159516, 09-73109570

SSS
:0973077744

Riso ... ၅ ကျပ် ...
Print 70gsm = 25ks

ကိုရီးယားဘာသာ သင်တန်းကျောင်း (EXODUS)
(Mr. Park 09 492 19490, 09250277597 ...)
(EPS-TOPIK) ...
(TOPIK) ...
(Evening & Weekend)
(4 Skills) ...
ဆရာ ... (L.L.B) 09 4304 2207
(B.A. Korean) 09 505 7733
(B.A. Korean) 09 730 2543
(B.A. Korean) 09 2401976
(B.A. Korean) 09421006564
EXODUS KOREAN Language Centre

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ... ကန့်ကွက်နိုင်ပါသည်။ ...

ဒေါ်မေရည်ရိုးကြီး	ဦးဝင်းအောင်	ဒေါ်နိုင်ခင်ဦး	ဒေါ်နိုင်နိုင်စန်း	ဦးအောင်နိုင်ထွေး
LL.B, D.B.L	LL.B, D.M.L, D.B.L	LL.B, D.B.L	LL.B, D.B.L	LL.B, WIPO(Switzerland)

ရိုးစင်(လင်း) အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ

ရုံးချုပ် – အမှတ်(၅၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 510760, 510940, 510950, 500643, 502517, 2304311
ပေါက်ရုံးခွဲ – အမှတ်(၂၈၅)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်း၊ ... ဗဟန်းမြို့နယ်။
☎ – 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

မြဝတီစက်မှုဇုန်တွင် စက်ရုံအလုပ်ရုံတည်ဆောက်လိုသူများ အဆိုပြုလွှာနှင့်တကွ စတင်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာချက်

၁။ ကရင်ပြည်နယ်အစိုးရအနေဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေး၊ တစ်ဖက်နိုင်ငံသွားရောက်ပြီး လုပ်ကိုင်မှုများလျော့နည်းစေရေးအတွက် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ သဃ်န်းညီနောင်ကျေးရွာအနီး မြေဧရိယာအကျယ်အဝန်း(၂၀၁)ဧကတွင် မြဝတီ စက်မှုဇုန်အား ညီနောင်ဦးကုမ္ပဏီကို တာဝန်ပေးအကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာတွင် စက်မှုဇုန်မြေနေရာ ရှင်းလင်းခြင်း၊ မြေကွက်ဖော်ထုတ်ခြင်း၊ နယ်နိမိတ်လမ်းရှင်းလင်းခြင်းနှင့် နယ်နိမိတ်တိုင်များစိုက်ထူခြင်း စသည့်လုပ်ငန်းများမှာ ၈၀%ခန့် ပြီးစီးနေပြီ ဖြစ်ပါသည်။

